# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၁)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) အကြီးအကဲများအစည်းအဝေးနှင့် တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲတက်ရောက်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၉**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) အကြီးအကဲများအစည်းအဝေးကို ဒီဇင်ဘာ ၅ရက်တွင် တက်ရောက်ခဲ့ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္တိုင်းမြို့၌ ဒီဇင်ဘာ ၁ရက်တွင် ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဒီဇင်ဘာ၇ရက်တွင် ကျင်းပခဲ့သော ပိတ်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၄နာရီ မိနစ် ၅၀တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၄နာရီ မိနစ်၅၀တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသော (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ဗိုလ်မှူးကြီးသန်းဦး ခေါင်းဆောင်သော အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ တပ်မတော် စစ်သည်မိသားစုများကလည်း ပန်းကုံးများစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**ကြိုဆို နှုတ်ဆက်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) အကြီးအကဲများအစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း အင်တာနက်သတင်းနှင့် အားကစားအညွှန်း**

**ဆူနာမီ ဒီလှိုင်းအန္တရာယ် သတိပေးမည့်ဗော်ယာ အိန္ဒိယသမုဒ္ဒရာအတွင်း ပထမဆုံးချထား**



အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၁၀)



**မန်ချက်စတာယူနိုက်တက်အသင်းက မန်စီးတီးကို အိမ်ကွင်း၌နိုင် ဒုတိယနေရာမှ ချယ်လ်ဆီးကို ကိုးမှတ်ဖြတ်ထားပြီ**

ပရီမီယာလိဂ် ပွဲစဉ်(၁၇) သတင်းမြင်ကွင်း (စာ-၁၂)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

# လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုအစွမ်းကုန်တားဆီးတိုက်ဖျက်

မျက်မှောက်ကာလတွင် လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအားလုံးသို့ ပျံ့နှံ့ပေါ်ပေါက်လျက်ရှိရာ နိုင်ငံအချင်းချင်းပူးပေါင်းလက်တွဲ၍ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု ကာကွယ်တားဆီးရေး ကြိုးပမ်းနေကြရသည်။

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုလုပ်ငန်းကို ဝိသမလောဘသမားများက နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ကျူးလွန်သည်အထိ လျှို့ဝှက်ကြံစည် လုပ်ဆောင်လျက်ရှိသည်။ နှစ်စဉ်လူဦးရေတစ်သန်းမှ နှစ်သန်းအထိ လူကုန်ကူးခံနေကြရပြီး တစ်ကမ္ဘာလုံးတွင် လူကုန်ကူးခံရသူပေါင်း ၂၇သန်းကျော် ရှိသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပြဿနာကို ဘက်စုံ၊ ထောင့်စုံမှ တားဆီးကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေး၊ ဥပဒေအရ အရေးယူရေး၊ အကာအကွယ်ပေးရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ၁၉၉၇ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။

နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအပါအဝင် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေးစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်းပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ ပြစ်ဒဏ်များ ချမှတ်အရေးယူလျက်ရှိသည်။ ထို့အပြင် လူပွဲစားများ၏ ဖြားယောင်းသွေးဆောင် ခံကြရသူများအား အချိန်မီကယ်တင်ပြီး မိဘအုပ်ထိန်းသူများထံ ပို့ဆောင်အပ်နှံပေးလျက်ရှိသည်။ လူကုန်ကူးခံရသူများအား လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် စီမံချက်များချမှတ်ဆောင်ရွက်နေသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်း၍ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးလျက်ရှိသည့်နည်းတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုများအား အစွမ်းကုန်တားဆီးတိုက်ဖျက်သွားမည်သာ ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အိန္ဒိယ-ဂျပန်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဝန်ကြီးချုပ် မန်မိုဟန်ဆင်း ဂျပန်သို့ မကြာမီသွားရောက်မည်

**နယူးဒေလီ ဒီဇင်ဘာ ၉**

ဂျပန်နှင့်အိန္ဒိယနှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုကို လာမည့်၂၀၁၀ပြည့်၌ အမေရိကန်ဒေါ်လာ ၁၂ဘီလီယံအထိရောက်ရှိအောင် တိုးမြှင့်ကုန်သွယ်နိုင်ကြမည်ဟု မျှော်မှန်းထားကြောင်း အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်းမှ ဒီဇင်ဘာ ၆ရက်က သတင်းထုတ်ပြန်သည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် လာမည့်ဒီဇင်ဘာ ၁၃ရက်မှစတင်ကာ ဂျပန်နိုင်ငံသို့ လေးရက်ကြာအလည်အပတ်ခရီးသွားရောက်မည် ဖြစ်သည်။ ဂျပန်နှင့်အိန္ဒိယနှစ်နိုင်ငံတို့၏ လက်ရှိကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ခုနစ်သန်းရှိနေသည်။

အိန္ဒိယနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုအနေအထားသည် ဂျပန်နိုင်ငံ၌ အဆင့် ၁၀ရှိနေသည်။ ဂျပန်နိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ အိန္ဒိယတင်ပို့မှုမှာ အဆင့် ၂၆၌ ရှိနေသည်။ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် စီးပွားရေးလုပ်ငန်းရှင် ၂၅ဦးပါဝင်သောအဖွဲ့နှင့် လာမည့်သီတင်းပတ်အတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်စေရန် ဆွေးနွေးမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ရှန်ဟိုင်းမှနယူးယောက်သို့ လေကြောင်းပျံသန်းမည်

**ပေကျင်း ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံ၏ အီးစတင်း လေကြောင်း လိုင်းသည် ရှန်ဟိုင်းမှ နယူးယောက်သို့ တိုက်ရိုက်ပျံသန်းမှုများ စတင်မည် ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဒီဇင်ဘာ ၇ ရက်က ရေးသားဖော်ပြသည်။

### ဆင်းသက်

အဆိုပါလေကြောင်း ပျံသန်းမှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ယင်းသည် ရှန်ဟိုင်းမြို့ ပူဒေါင်းလေဆိပ်မှ ဒေသစံတော်ချိန် ညနေခြောက်နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ရာ နယူးယောက် ဒေသစံတော်ချိန် ည၇နာရီ ၄၅ မိနစ်တွင် ဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

### အသုံးပြု

အဆိုပါ လေကြောင်းလိုင်းသည် ရှန်ဟိုင်းမှ နယူးယောက်သို့ အပတ်စဉ်လေးကြိမ်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း၊ ယင်းသို့ ပျံသန်းပြေးဆွဲရာတွင် ခရီးသည် ၄၀၀ တင်နိုင်သော အဲဘတ်စ် ၃၄၀-၆၀၀ လေယာဉ်များကို အသုံးပြုမည် ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# တောင်အာဖရိက၌ ဇီဝလောင်စာစက်ရုံတည်ဆောက်မည်

**ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၉**

အနာဂတ်ကာလတွင် နိုင်ငံစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ဇီဝလောင်စာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တောင်အာဖရိကနိုင်ငံက စီစဉ်နေကြောင်းသိရသည်။

ဇီဝလောင်စာထုတ်လုပ်နိုင်ရေးအတွက် စက်မှုဆိုင်ရာ စွမ်းအားဆောင်ရွက်မည့် မူကြမ်းတစ်ရပ်ကိုလည်း တောင်အာဖရိကနိုင်ငံအစိုးရအဖွဲ့က ခွင့်ပြုပေးခဲ့သည်။

ထိုသို့ခွင့်ပြုပေးရာတွင် ဇီဝလောင်စာထုတ်လုပ်နိုင်သည့် ကောက်ပဲသီးနှံများထုတ်လုပ်နိုင်မှုအနေအထားကို သုံးသပ်ရန်နှင့် မြေလွတ်မြေရိုင်းများပေါ်တွင် အသုံးပြုစိုက်ပျိုးရေးတိုးချဲ့လုပ်ဆောင်ကြရန်လည်းပါဝင်ကြောင်း တောင်အာဖရိကအစိုးရပြောရေးဆိုခွင့်ရှိသူ သမ်ဘာမာစီကိုက ဒီဇင်ဘာ ၇ ရက်၌ ပြောကြားသည်။

ထို့အပြင် ဇီဝလောင်စာစွမ်းအင်ထုတ်ယူနိုင်သည့် ကောက်ပဲသီးနှံများကို စိုက်ပျိုးရေးနှင့် ၂၀၁၃ ခုနှစ်တွင် ဇီဝလောင်စာဆီသုံးစွဲမှုသည် နိုင်ငံအတွင်း သုံးစွဲမှု၏ ၇၅ ရာခိုင်နှုန်းအထိ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်အာဖရိကအစိုးရက ဇီဝစွမ်းအင်ထုတ်ယူရေးတွင် အမေရိကန်ဒေါ်လာ ၈၄၅ သန်းရင်းနှီးမြှုပ်ထားရာ ယင်းမှာ တောင်ကိုရီးယားတွင် အလုပ်အကိုင် ၅၅၀၀၀ အလုပ်လုပ်ကိုင်ရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လန်ဒန်၌ လေဆင်နှာမောင်းတိုက်ခတ်

**လန်ဒန် ဒီဇင်ဘာ ၉**

လန်ဒန်မြို့ အနောက်မြောက်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်သွားမှုကြောင့် လူနေအိမ်များနှင့် မော်တော်ယာဉ်များ ပျက်စီးပြီး လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လန်ဒန်ရဲတပ်ဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းက ဒီဇင်ဘာ ၇ ရက်၌ သတင်းထုတ်ပြန်သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုအချိန်မှာ သိပ်မကြာသော်လည်း အိမ်အမိုးများနှင့် အဆောက်အအုံ အမိုးများပွင့်ထွက်ခြင်း၊ သစ်ပင်များအမြစ်မှပြုတ်ထွက် ပြိုလဲခြင်း၊ နေအိမ်များ ပြိုလဲခြင်းစသည်တို့ အများအပြားဖြစ်ပေါ်ခဲ့သည်။

သစ်ပင်နှင့် အဆောက်အအုံများ ပြိုလဲပျက်စီးမှုကြောင့် မော်တော်ယာဉ်များလည်း ပျက်စီးခဲ့ရပြီး အချို့လူများ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့မှုအပြင် အခြားလူများလည်း ဒဏ်ရာရရှိခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၁၀-၁၂-၂၀၀၆**

**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဆရာတော် ဦးဃောသိတ တရားတော် **“ဝိပ္ပလ္လာသ(၁၂)ပါး”** |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **“ဝေဟင်ချစ်သူ”** |
| ၁၃း၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၃၀ | ၅။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၄း၄၀ | ၆။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၄။ | အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်”** (အပိုင်း-၁) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | English Premier League ဘောလုံးပွဲ Chelsea Vs Arsenal |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၂-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | ဂျစ်ဆိုမှဂျစ် |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၅ | အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှု မူပိုင်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်) ဆွေးနွေးခန်း |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ |
| ၉း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၅ | ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံကကူညီမှာ |
| ၉း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၀း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၀ | စက္ကူရွက်ဝေရှမ်းထီးသက်သေ |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ခြေထောက်သွေးလွှတ်ကြောကျဉ်းရောဂါ (အပိုင်း-၂) (ဒေါက်တာခင်မောင်အေး) |
| ၁၁း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၀ | Music Gallery (တွံတေးသိန်းတန်-မေဆွိ) (အထူးမင်္ဂလာစုံတွဲ) |
| ၁၁း၄၀ | စိတ်ထားဖြူစင် ပါရမီရှင် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၃၀ | ပွဲကြိုသုံးသပ်ချက်-၁ | 5-Sports |
| ၁၀း၀၀ | ပွဲကြိုသုံးသပ်ချက်-၂ | 5-Sports(Live) |
| ၁၀း၂၅ | Chelsea-Arsenal | 5-Sports(Live) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Empoli-Inter Milan | 5-Series (Live) |

# နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်

ရန်ကုန် ဒီဇင်ဘာ ၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၆ ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအားလုံး ကာယသုခ–စိတ္တသုခ နှစ်ဖြာသော သုခချမ်းသာနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ နိုင်ငံ့ဝန်ထမ်း အမျိုးသားညီလာခံကိုယ်စားလှယ် သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဆန်းထွန်း ဖြစ်ပါတယ်။

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ရက်နဲ့ ၃၁ ရက်နေ့များမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများ၌ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး အကြံပြုချက်စာတမ်း ပြုစုနိုင်ရေးအတွက် အမျိုးသားညီလာခံ အစုအဖွဲ့တစ်ခုဖြစ်တဲ့ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ပြီး သဘာပတိအဖွဲ့က ခေါင်းစဉ် သုံးခုအတွက် စာတမ်းများပြုစုနိုင်ဖို့ စာတမ်းပြုစုရေးအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။

စာတမ်းပြုစုရေးအဖွဲ့ သုံးဖွဲ့က ရေးသားပြုစုခဲ့ကြတဲ့ စာတမ်း(မူကြမ်း)များကို သဘာပတိအဖွဲ့က ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၆ရက်နေ့မှာ ဖတ်ကြားခဲ့ကြပြီး လိုအပ်သလို ညှိနှိုင်းဖြည့်စွက် ပြင်ဆင် တည်းဖြတ်ခဲ့ကြပါတယ်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၇ရက်နဲ့ ၈ရက်နေ့များမှာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးများ ကျင်းပကာ အကြံပြုချက်စာတမ်းသုံးစောင်ကို ဖတ်ကြားဆွေးနွေးတင်ပြခဲ့ကြပြီး အစုအဖွဲ့ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်များကို ရယူခဲ့ပါတယ်။ နိုဝင်ဘာလ ၈ရက်နေ့ မွန်းလွဲပိုင်းမှာတော့ အထက်ပါစာတမ်း သုံးစောင်ကို သဘာပတိအဖွဲ့နဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်များတို့က ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ တစ်ခုတည်းသော ကျစ်လျစ်သိပ်သည်းတဲ့ အကြံပြုချက် စာတမ်းအဖြစ် စုစည်းပြုစုခဲ့ကြပါတယ်။ ယင်းအကြံပြုချက်စာတမ်းကို နိုဝင်ဘာ ၉ ရက်နေ့မှာ ကျင်းပခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ ထပ်မံဖတ်ကြားတင်ပြပြီး နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များရဲ့ အကြံဉာဏ်များကို ရယူခဲ့ပါတယ်။ အဆိုပါ အကြံပြုချက်များနဲ့အညီ သဘာပတိအဖွဲ့က အကြံပြုချက်စာတမ်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက် ရေးသားခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၇ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးမှာ ထပ်မံဖတ်ကြား တင်ပြပြီး အစုအဖွဲ့ရဲ့ အတည်ပြုချက်ကို ရယူခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ အကြံပြုချက်စာတမ်းပါ ရွေးကောက် တင်မြှောက်ခြင်းအခန်းနဲ့ ပတ်သက်တဲ့အပိုင်းကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ ရက်နှင့် ၃၁ ရက်နေ့များမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားချက်မှာ ပါဝင်တဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူများကို လေ့လာပါက အောက်ပါအတိုင်း ၁၄ ချက်ရှိတာကို တွေ့ရပါတယ်–

**၁။ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်–**

**(က) ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ၏ အရည်အချင်းသတ်မှတ်ချက်၊**

**(ခ) ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူသည် ရွေးကောက်ပွဲ တစ်ရပ်၌ မဲဆန္ဒနယ် တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲ သာ ပေးပိုင်ခွင့်၊**

**(ဂ) ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော တိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အတွက် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်၊**

**၂။ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ၊**

**၃။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအနေနဲ့ ရွေးကောက်ပွဲ တစ်ရပ်မှာ လွှတ်တော်တစ်ရပ်အတွက်သာနဲ့ မဲဆန္ဒနယ် တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊**

**၄။ (က) ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်၊**

**(ခ) ဥပဒေအရ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် ယင်းလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရေး၊**



**ဖတ်ကြား တင်ပြ**

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို သတ္တုတွင်း ဝန်ကြီးဌာနမှ ဦးဆန်းထွန်း ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

**၅။ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်း လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်ခံပိုင်ခွင့်၊**

**၆။ (က) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်သည့် အကြောင်းရင်းများ၊**

**(ခ) တာဝန်မှပြန်လည်ရုပ်သိမ်းသည့် နည်းလမ်းများ၊**

**၇။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရေး၊**

**၈။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦး ခန့်အပ်တာဝန်ပေးရေး၊**

**(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အရည်အချင်း သတ်မှတ်ချက်များ၊**

**၉။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များ၊**

**၁၀။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်း၊**

**၁၁။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးမှနုတ်ထွက်ခြင်း၊**

**(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ခြင်း၊**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည့်ကိစ္စ၊**

**၁၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည့်ကိစ္စရပ်များ၊**

**၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းသတ်မှတ်ရေး၊**

**၁၄။ အဆိုပါဥပဒေပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအတွက် အဆင့်သတ်မှတ်ချက်တို့ ဖြစ်ပါတယ်။**

ဒါ့အပြင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များ၌ ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ ဆက်နွယ်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်နဲ့ ပတ်သက်တဲ့ အချက်တစ်ချက်ကိုလည်း ဆွေးနွေးအကြံပြုကြဖို့ အောက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့တာ အားလုံးကြားသိပြီး ဖြစ်ပါတယ်–

**“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀နှစ် အခြေချနေထိုင်ခဲ့သူ”**

ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ်–

**“နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်း ရေတွက်ရမည်”**

လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ဖို့ သင့်မသင့် အကြံပြုကြဖို့ ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့ပါတယ်။

အဆိုပါ ခြွင်းချက်ဖော်ပြပါရှိမှသာ ရှင်းလင်းတိကျမှာဖြစ်ပါတယ်။

ဒါကြောင့်–

**“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ”**

ဟုချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူ အောက်တွင်ခြွင်းချက်အဖြစ်–

**“နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ဖို့ သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်း အခန်းအတွက် ချမှတ်သင့်တဲ့ အထက်ဖော်ပြပါအချက်၁၄ချက်နှင့် ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာမှာ ကျွန်တော်တို့နိုင်ငံမှာတည်ရှိကျင့်သုံးခဲ့ကြတဲ့ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ယင်းအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့တဲ့ အက်ဥပဒေ၊ နည်းဥပဒေများ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ယင်းအခြေခံ ဥပဒေအရ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ၊ နည်းဥပဒေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ သမိုင်းအတွေ့အကြုံများ၊ နိုင်ငံတကာ အခြေခံဥပဒေများပါ ပြဋ္ဌာန်းချက်များနဲ့ နိုင်ငံတကာမှာ ကျင့်သုံးခဲ့တဲ့ သာဓကများကိုပါ ကိုးကားပြီး ရှင်းလင်းပြောကြားခဲ့တဲ့ အချက်များကို ကျွန်တော်တို့အားလုံး ကြားသိခဲ့ပြီးဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များဟာ ပြည့်ပြည့်စုံစုံနဲ့ ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့အပြင် ဆီလျော်ကောင်းမွန်တဲ့ အကြောင်းအကျိုး ဖော်ပြချက်များဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရွေးကောက်တင်မြှောက်ခြင်း အခန်းနဲ့ပတ်သက်လို့ စုစည်းတင်ပြချက် ၁၄ချက်အနက် အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)ပါ ဖော်ပြချက်မှာ အပိုဒ်၁၁၊ အပိုဒ်ခွဲ(က)နဲ့(ခ)အရ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များလစ်လပ်သွားလို့ ဥက္ကဋ္ဌအသစ်နဲ့ အဖွဲ့ဝင်အသစ်များ ခန့်အပ်တဲ့ကိစ္စနဲ့သာ သက်ဆိုင်သကဲ့သို့ အဓိပ္ပာယ် သက်ရောက်နေပါတယ်။ ယင်းအပိုဒ်၁၁၊ အပိုဒ်ခွဲ(ဂ)ပါ စာပိုဒ်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ရပ် စတင်ဖွဲ့စည်း ခန့်အပ်တဲ့ အပိုဒ်၈ရဲ့အပိုဒ်ခွဲ(ဂ) အဖြစ်ဖော်ပြလျှင် ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်ပါကြောင်း ပြင်ဆင်ချက် တစ်ရပ်အနေဖြင့် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့စပ်လျဉ်းလို့ ချမှတ်သင့်တဲ့အခြေခံရမယ့်မူများကို အောက်ပါအတိုင်းစုစည်းတင်ပြအပ်ပါတယ်–

**၁။ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်–**

**(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေရက်၌ အသက်(၁၈)နှစ် ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူမဟုတ်သည့် အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

**(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရ ဆန္ဒမဲ ပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ် တစ်နယ်တွင်လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။**

**(ဂ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

**(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။**

**၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–**

**(က) သာသနာ့ဝန်ထမ်းများ၊**

**(ခ) ထောင်ဒဏ်ကျခံနေရသူများ၊**

**(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊**

**(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊**

**(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရတားမြစ်ခြင်း ခံရသူများ၊**

**၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲ တစ်ရပ်တွင်–**

**(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည်။**

**(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။**

**၄။ (က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေ**

စာမျက်နှာ ၄ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှ

များအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ။

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ သော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၆။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော် ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်း စစ်ဆေးရမည်၊

(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ချေပခွင့်ပေးရမည်၊

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။

၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန် ပေးနိုင်သည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်–

(၁) အသက်(၅၀)နှစ်ပြည့်ပြီးသူဖြစ်ရမည်၊

(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်၊

(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး အဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ သို့မဟုတ်

(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်း ရာထူးတွင် အနည်းဆုံး (၁၀)နှစ်တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ရမည်။ သို့မဟုတ်

(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး (၂၀)နှစ်အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်။

(၄) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်၊

(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်၊

(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်၊

(၈) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဖြစ်ရမည်၊

(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ တည်ဆဲ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊

(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊

(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ခြင်း၊

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသက်(၅၀)ပြည့်ပြီးသူ ဖြစ်ရမည်

(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီရွေးကောက်ပွဲခုံ အဖွဲ့များဖွဲ့စည်းခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန် ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

(ခ) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၂။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်–

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲ ခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သော ကိစ္စရပ်များ။

၁၃။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၁၄။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်–

လို့ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီးတော့ နိုင်ငံရေးပါတီများအခန်းနဲ့ပတ်သက်တဲ့ အကြံပြုချက်ကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရုံးမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါ်စန်းမြင့်က ဆက်လက်ဖတ်ကြားတင်ပြ သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကိုယ်စားလှယ်များရှင့်–**

၂၀၀၆ခုနှစ် အောက်တိုဘာလ (၃၀)ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့ "နိုင်ငံရေးပါတီများအခန်း" အတွက် ချမှတ်သင့်တဲ့ အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းလို့ အကြံပြုတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ကျွန်မတို့နိုင်ငံမှာ မကြာမီသောကာလအတွင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းကြတော့မှာ ဖြစ်ပါတယ်။ အဲဒီလိုရေးဆွဲတဲ့အခါမှာ "နိုင်ငံရေးပါတီများအခန်း" ကိုတိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြပါရှိရန်လိုအပ်လှပါတယ်။

**ဖတ်ကြား**

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ ဒေါ်စန်းမြင့် ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)



အမျိုးသားညီလာခံကလည်း နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းပြီး "နိုင်ငံတော်သည်စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်"လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။ ဒါ့ကြောင့် ချမှတ်ထားတဲ့ အခြေခံမူနဲ့အညီ စစ်မှန်၍စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် မှန်ကန်သောဦးဆောင်မှုပေးနိုင်မယ့် နိုင်ငံရေးပါတီများ ပေါ်ပေါက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံရေးပါတီများအခန်းကို ပြဋ္ဌာန်းထည့်သွင်းရေးဆွဲထားသင့်ကြောင်း တွေ့ရပါတယ်။

အဲဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းနိုင်အောင် နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ချမှတ်ပေးသင့်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

အဲဒီလိုချမှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်မှာ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းပြီး (က) ဦးတည်ချက်များ၊ (ခ) လိုက်နာရမည့် သတ်မှတ်ချက်များ၊ (ဂ) ရပ်တည်ပိုင်ခွင့်မရှိခြင်းဆိုပြီး အပိုင်းသုံးပိုင်းဖြင့် ခွဲခြားတင်ပြသွားခဲ့ပြီး ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ကျွန်မအနေနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်မှာ ပါတဲ့အတိုင်းနိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းပြီး အပိုင်းသုံးပိုင်းကို တစ်ပိုင်းချင်းအလိုက် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးတည်ချက်များဆိုတဲ့ အပိုင်းနဲ့ပတ်သက်လို့ တင်ပြပါမယ်။ ကျွန်မတို့နိုင်ငံရဲ့သမိုင်းကို ပြန်ကြည့်ရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့်နေခဲ့ရာ ၁၈၂၄ ခုနှစ်မှစ၍ ကိုလိုနီနယ်ချဲ့များ၏ ကျူးကျော်စစ် (၃)ကြိမ်ပြုခြင်းခံရပြီးနောက် ၁၈၈၆ ခုနှစ်မှာ ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီးနောက် ကိုလိုနီနယ်ချဲ့များရဲ့ ပယောဂကြောင့် သောင်းကျန်းမှုအမျိုးမျိုးနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးခဲ့ရတဲ့အပြင် ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့်အခြေအနေနဲ့ ကြုံလာတဲ့အခါတိုင်း တပ်မတော်က အကြိမ်ကြိမ်ကာကွယ်ထိန်းသိမ်း ပေးခဲ့ရတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ရှိနေတာကို မရှုဆိတ်တဲ့ နယ်ချဲ့လက်သစ်များကလည်း ကျွန်မတို့နိုင်ငံတော်ကို ယင်းတို့ရဲ့ သြဇာခံဖြစ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားပြီး ပြည်ထောင်စုကြီး ပြိုကွဲအောင် နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းနေခဲ့ကြပါတယ်။ အဲဒီအန္တရာယ်ကို ကာကွယ်နိုင်ဖို့ နိုင်ငံသားများနှင့် နိုင်ငံရေးပါတီများဟာ ဒို့တာဝန်အရေးသုံးပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးရှင့်–**

နိုင်ငံရေးပါတီများ လိုက်နာရမယ့် သတ်မှတ်ချက်နဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြရမယ်ဆိုရင် ဒီမိုကရေစီကိုခိုင်ခိုင်မာမာ တည်ဆောက်ထားပါပြီလို့ဆိုတဲ့ နိုင်ငံများသည်ပင်လျှင် နှစ်ပေါင်းများစွာ သွေးများ၊ ချွေးများနဲ့ ပေးဆပ်ပြီးမှ ဒီမိုကရေစီနိုင်ငံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ရောက်ရှိအောင် ကြိုးစားခဲ့ကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီကို အလေ့အကျင့်မရှိဘဲ ချက်ချင်းကူးပြောင်း ကျင့်သုံးမယ်ဆိုပါက ခိုင်မြဲမှုမရှိဘဲ ပြိုကွဲပျက်စီးသွားကြတဲ့ နိုင်ငံတချို့ရဲ့ ဖြစ်စဉ်ကိုလည်း တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်ခုချင်းအလိုက် ယင်းတို့ရဲ့သမိုင်းဖြစ်စဉ်၊ လူမှုစီးပွားရေးအဆင့်အတန်း၊ ယဉ်ကျေးမှု၊ ထုံးထမ်းစဉ်လာနဲ့အညီ ဆီလျော်တဲ့ဒီမိုကရေစီမျိုးကို ကျင့်သုံးမှသာလျှင် ပြည်သူများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

**စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ–**

**(က) ပြည်သူများသည် နိုင်ငံရေးအနှစ်သာရကို အဓိပ္ပာယ် ထိထိမိမိ နားလည်ရန် လိုအပ်ခြင်း၊**

**(ခ) ပြည်သူများက မိမိတို့၏ဆန္ဒသဘောထားများကို ဖော်ပြနိုင်စွမ်းရှိရန် လိုအပ်ခြင်း၊**

**(ဂ) ပြည်သူများက နိုင်ငံရေးကို ငြီးငွေ့သွားခြင်းမရှိစေဘဲ စိတ်ပါဝင်စားခြင်း၊**

**(ဃ) ပြည်သူများက မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်များကို ထိန်းကျောင်းထားနိုင်စွမ်းရှိပြီး သူတစ်ပါး၏ ဝါဒဖြန့်မှု၊ သိမ်းသွင်းမှုကို နားမယောင်ရန် လိုအပ်ခြင်း**

ဆိုတဲ့အချက်တွေကို ကောင်းစွာသိရှိသဘောပေါက်ကြမှသာ ပြည်သူများဟာ စစ်မှန်တဲ့ ဒီမိုကရေစီ၏အနှစ်သာရကို ဖော်ဆောင်နိုင်စွမ်းရှိမှာ ဖြစ်ပါတယ်။

အထက်ပါ နိုင်ငံရေးအမြင်များရရှိလာရန် သက်ဆိုင်ရာ နိုင်ငံရေးပါတီများသည် မိမိတို့၏ ပါတီဝင်များနှင့် ယင်းပါတီဝင်များနဲ့ ဆက်နွှယ်လျက်ရှိကြတဲ့ ပြည်သူများကို ပညာပေးစည်းရုံးနိုင်စွမ်းရှိကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့ပါတီရဲ့ နိုင်ငံရေးရည်မှန်းချက်ကိုလည်း ထိန်းကျောင်းထားနိုင်စွမ်းရှိသော ပါတီမျိုးများရှိလာပါမှ နိုင်ငံတော်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာနိုင်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အပါအဝင် အချို့သော ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံများတွင် ဖွဲ့စည်းခဲ့တဲ့ပါတီအချို့ဟာ တစ်နိုင်ငံလုံးအရေးထက် ဒေသအရေးကိုလည်းကောင်း၊ အမျိုးသားရေးထက် ပုဂ္ဂိုလ်ရေးများကိုလည်းကောင်း ဦးစားပေးခဲ့မိတဲ့အတွက် ဂိုဏ်းဂဏ၊ အသင်းအဖွဲ့သဏ္ဌာန်သို့ တဖြည်းဖြည်း ပြောင်းလဲခဲ့ကြတာကို တွေ့ကြရပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးခဲ့ပါတယ်။ ထိုသို့ ကျင့်သုံးခဲ့စဉ်က အားနည်းချက်များနဲ့ ချို့ယွင်းချက်များကို ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီ ကြုံတွေ့ရတဲ့အချက်တွေရဲ့ အဓိကအကြောင်းရင်းများကို လေ့လာကြည့်လိုက်လျှင် ဒီမိုကရေစီအတွေ့အကြုံ နည်းပါးသေးခြင်း၊ ပါလီမန်ဒီမိုကရေစီဟုဆိုသော်လည်း အနှစ်သာရအားဖြင့် တစ်ပါတီ အသွင်သဏ္ဌာန်ဖြင့်သာ အုပ်စိုးခဲ့ခြင်း၊ ပြည်သူများသည် ဒီမိုကရေစီအခွင့်အရေးများနဲ့ တာဝန်များကို အသိတရားရှိစွာဖြင့် ခွဲခြားကျင့်သုံးနိုင်သည်အထိ မဖွံ့ဖြိုးသေးခြင်း၊ ပါတီအဖွဲ့အစည်းများကလည်း ဒီမိုကရေစီအခွင့်အရေးများကို တာဝန်သိသိ ကျင့်သုံးလာနိုင်စေရန်အတွက် ပြည်သူများအား လေ့ကျင့်ပညာပေးနိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်း အားနည်းခဲ့ခြင်း၊ ဒီမိုကရေစီ၏ အနှစ်သာရများ ပေါ်လွင်အောင် ကျင့်သုံးနိုင်စေမည့် အခြေခံအဆောက်အအုံများ မဖွံ့ဖြိုးသေးခြင်း အစရှိတဲ့အကြောင်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အဲဒီဖြစ်ရပ်များကို သင်ခန်းစာယူပြီး နောင်တွင် မိမိတို့နိုင်ငံ၌ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ၏ အရည်အချင်းများနဲ့စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် သင့်တော်မယ့် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးရှင့်–**

စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားများနဲ့ နိုင်ငံရေးပါတီများဟာ အဲဒီနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမှာဖြစ်တဲ့အပြင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ထားရှိဖို့လည်း လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးရှင့်–**

ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးရမယ်ဆိုရင် နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာပြီး စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှသာလျှင် တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အဲဒီလိုပါတီမျိုးရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သင့်တော်သောမူများကို ချမှတ်ပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီ၏ အနှစ်သာရကို မပျက်စေဘဲ နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းသင့်ပါတယ်။ အဲဒီလို စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဥပဒေနဲ့အညီ နိုင်ငံတော်အတွင်း နိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်ရှိ မှာဖြစ်သလို နိုင်ငံတော်အတွင်း၌ ကျင်းပသော ရွေးကောက်ပွဲများတွင်လည်း ဥပဒေနှင့်အညီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးရှင့်–**

နိုင်ငံရေးပါတီများ ရပ်တည်ပိုင်ခွင့်မရှိခြင်း အပိုင်းနဲ့ စပ်လျဉ်း၍ တင်ပြဆွေးနွေးရမယ်ဆိုရင် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို ဦးထိပ်ထားဆောင်ရွက်ပေးရတဲ့ နိုင်ငံရေးပါတီ တစ်ရပ်ရပ်ဟာ တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရလျှင်သော် လည်းကောင်း၊ နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာထားသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်သွယ်နေတဲ့ နိုင်ငံရေးပါတီသည်လည်း ဒို့တာဝန်အရေး(၃)ပါးကို ချိုးဖောက်တာဖြစ်တဲ့အတွက် အဲဒီလို နိုင်ငံရေးပါတီကိုလည်း ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်ဟု သုံးသပ်တွေ့ရှိရပါတယ်။

**သဘာပတိကြီးရှင့်–**

နိုင်ငံရေးပါတီများဟာ ဒို့တာဝန်အရေး(၃)ပါး အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာ ကျင့်သုံးကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒများနဲ့အညီ နိုင်ငံတော်ဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှာဖြစ်တဲ့အတွက် နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲပါက နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိတဲ့ မူဝါဒများကို ဆန့်ကျင်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်သွားနိုင်တဲ့အတွက် အဲဒီလို နိုင်ငံရေးပါတီမျိုးကိုလည်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်တော့ကြောင်း တွေ့ရှိရပါတယ်။

# နိုင်ငံရေးပါတီတစ်ရပ်သည် ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်ရှိ နိုင်ငံတော်အတွင်း၌ကျင်းပသော ရွေးကောက်ပွဲများ၌လည်း ဥပဒေနှင့်အညီ ယှဉ်ပြိုင်ခွင့်ရှိ



**တင်ပြ**

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန် ကြီး ဌာ န မှ ဦးအောင်ကြည်သိန်း ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

အမျိုးသားညီလာခံကြီးကချမှတ်ထားတဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရန် လိုအပ်ပါတယ်။ နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ ဘာသာရေးကို နိုင်ငံရေးအတွက်အလွဲသုံးစားပြုပါက အဲဒီလို ပါတီမျိုးကို ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်တော့ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒါ့အပြင် နိုင်ငံရေးပါတီ တစ်ရပ်ရပ်ဟာ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေတဲ့ ပြဋ္ဌာန်းချက် တစ်ခုခုနဲ့ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တွေ့ရှိမယ်ဆိုရင် အဲဒီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်သင့်ကြောင်းလည်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးရှင့်–**

ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးရမယ်ဆိုရင် နိုင်ငံရေးပါတီများသည် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးကို ဦးလည်မသုန် ဆောင်ရွက်ပေးကြဖို့ တာဝန်ရှိပါတယ်။ ထို့အတူ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ပြည်ထောင်စုကြီး တစ်ခုလုံးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်လည်းကောင်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုပေးနိုင်တဲ့ နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဦးဆောင်ဦးရွက်ပြုတဲ့အခါ အမျိုးမျိုးအဖုံဖုံမဖြစ်ရလေအောင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ကြောင်းကို သုံးသပ်တွေ့ရှိရကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များရှင့်–**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းသွားတဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ပြီးပြည့်စုံလှကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ အချက်များဖြစ်ကြသော–

**၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်။**

**၂။ နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**

**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။**

**၃။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။**

**၄။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ်ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန် ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ်ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရသို့မဟုတ် ဘာသာရေးအဖွဲ့ အစည်းသို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**

**၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ) သို့မဟုတ်(ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့် ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**

**၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။**

လို့ဆိုတဲ့ အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရာမှာ ပါဝင်မယ့် "နိုင်ငံရေးပါတီများအခန်း"နဲ့ စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်မြတ်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးရှင့်–**

ဆက်လက်ပြီးတော့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနဲ့ ပတ်သက်တဲ့ အကြံပြုချက်ကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်ကြည်သိန်းက ဆက်လက်ဖတ်ကြား တင်ပြသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ရှင့်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများ ခင်ဗျား–**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိရမယ့် အခန်းလိုက်ခေါင်းစဉ်များ လျာထားသတ်မှတ်ရာတွင် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ"ဟူ၍ ခေါင်းစဉ်တစ်ရပ် သီးခြားသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်နဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့် ပတ်သက်လို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ထောက်ခံအကြံပြုတင်ပြချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်အခန်းနှင့် စပ်လျဉ်း၍ အခြေခံမူများ ချမှတ်စဉ်က အရေးပေါ်ကာလနဲ့စပ်လျဉ်းပြီး–

**"တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွင်ဖြစ်စေ အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိကြောင်း၊ ထို့အတူ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တားဆီး ကာကွယ်စောင့်ရှောက်ခွင့်ရှိကြောင်းနှင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံး ရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိကြောင်း"**

အခြေခံရမယ့်မူများ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖော်ပြပါ ချမှတ်ထားပြီးတဲ့ အခြေခံရမယ့်မူများနဲ့အညီ အရေးပေါ်အခြေအနေကြေညာခြင်းနဲ့ အဲဒီလို အရေးပေါ်အခြေအနေကြေညာတဲ့အခါမှာ လိုအပ်လာလျှင် စစ်အုပ်ချုပ်ရေးအာဏာ အပ်နှင်းခြင်းတို့နဲ့စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးအတွက် တင်ပြသွားပါမယ်။

နိုင်ငံတစ်နိုင်ငံတွင် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိပါးမှုမျိုး ကြုံတွေ့ခြင်းကြောင့်ဖြစ်စေ၊ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ခံရ၍ ဖြစ်စေ၊ နိုင်ငံရေးနဲ့ စီးပွားရေး ယိုယွင်းပျက်စီးလာခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်ဖြစ်စေ အရေးပေါ်အခြေအနေ ပေါ်ပေါက်တတ်ပါတယ်။ အဲဒီအခြေအနေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အပ်နှင်းထားတဲ့ နိုင်ငံတော်အကြီးအကဲက အရေးပေါ်အခြေအနေ ကြေညာပြီး လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်အခြေအနေကြေညာခြင်းနဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံနဲ့ နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေ့လာရာတွင် ယင်းအခွင့်အာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းလေ့ရှိသော်လည်း နိုင်ငံအတွက် အလွန်အရေးကြီးပြီး အထူးဂရုပြုအလေးထား ဆောင်ရွက်ရမယ့်ကိစ္စဖြစ်လို့ နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေမကြေညာမီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီးမှ ကြေညာသင့်တယ်ဆိုတဲ့ အချက်ကိုလဲ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အဲဒီလိုအရေးပေါ်အခြေအနေကြေညာပြီးတဲ့နောက် နိုင်ငံတော်သမ္မတဟာ အဲဒီနယ်မြေဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး တရားဥပဒေစိုးမိုး၍ တည်ငြိမ်မှုရအောင်ဆောင်ရွက်ရာမှာ နိုင်ငံတော်သမ္မတတစ်ဦးတည်း ဒီလုပ်ငန်းတွေကို နိုင်နင်းအောင် လုပ်ကိုင်ဆောင်ရွက်ရန် မလွယ်ကူပါ။ ဒါကြောင့် ကိုယ်စားဆောင်ရွက်နိုင်ဖို့ သင့်လျော်တဲ့ ပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို လုပ်ပိုင်ခွင့်တွေအပ်နှင်းဆောင်ရွက်စေသင့်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ ဥပဒေပြုခွင့်အာဏာကိုပါ ရယူသုံးစွဲဖို့ လိုအပ်လာနိုင်ပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာနယ်မြေဒေသရဲ့ လွှတ်တော်ကသာ ကျင့်သုံးရတဲ့ ဥပဒေပြုခွင့်အာဏာကို ကိုယ်တိုင်ကိုင်တွယ်ကျင့်သုံးမှသာ ပိုမိုသဘာဝကျ သင့်လျော်မှာ ဖြစ်တဲ့အတွက် အသေးစိတ်အခြေခံရမယ့်မူ တစ်ရပ် လိုအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာရန်အတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းတဲ့အခါ အကယ်၍ကောင်စီဝင်များ အကြောင်းကြောင်းကြောင့် ပြည့်ပြည့်စုံစုံ မတက်ရောက်နိုင်ပါက ပြည်သူများရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အချိန်မီကာကွယ်ဖို့အတွက် ကောင်စီအဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နဲ့ တိုင်ပင်ညှိနှိုင်း၍ အရေးပေါ်အခြေအနေကို ကြေညာနိုင်ကြောင်း အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် လိုအပ်မှာဖြစ်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

စာမျက်နှာ ၅ မှ

**သဘာပတိကြီးခင်ဗျား–**

အဆိုပါအရေးပေါ်အခြေအနေမျိုးမှာ နိုင်ငံတော်သမ္မတရဲ့ကိုယ်စား အဖွဲ့အစည်းတစ်ရပ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ နယ်မြေဒေသပြန်လည်တည်ငြိမ်အောင်၊ ဆောင်ရွက်လို့မရနိုင်တဲ့ အခြေအနေမျိုးကြုံတွေ့ရပါက တပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုကို ရယူဆောင်ရွက်နိုင်စေဖို့ အသေးစိတ် အခြေခံရမယ့်မှုတစ်ရပ် ချမှတ်ထားသင့်တယ်လို့ သဘောရရှိပါတယ်။

အဲဒီလို တပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ ဆောင်ရွက်ပေမယ့် ထိရောက်မှုမရှိဖြစ်နေမယ်ဆိုရင်တော့ စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန် ဆောင်ရွက်နိုင်ဖို့ အသေးစိတ်အခြေခံရမယ့်မှုတစ်ရပ် ချမှတ်သင့်ပြီး အဲဒီအမိန့်ထဲမှာ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကိုလဲ တစ်ပါတည်းသတ်မှတ်ပေးဖို့လိုမှာဖြစ်ကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံမှာ အရေးပေါ်အခြေအနေကြေညာဖို့ လိုအပ်လာရင်မိမိတို့နိုင်ငံရဲ့ အနေအထား၊ အခြေအနေ၊ ရေမြေသဘာဝအပေါ် မူတည်ပြီး သတ်မှတ်ထားကြပါတယ်။

အမျိုးသားညီလာခံက အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့ ချမှတ်ခဲ့ပြီးဖြစ်တဲ့ ဒီအသေးစိတ်အခြေခံရမယ့်မှုနဲ့ လိုက်လျောညီထွေဖြစ်စေရန် နိုင်ငံတော် သမ္မတဟာ အရေးပေါ်အခြေအနေ ကြေညာရာတွင်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်တဲ့အခါဖြစ်စေ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့် ကြေညာထုတ်ပြန်သင့်ပြီး နယ်မြေဒေသအချိန်ကာလ တိတိကျကျ သတ်မှတ်ထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ သို့မဟုတ် စစ်အုပ်ချုပ်ရေး အမိန့်တို့ကို ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့်ထုတ်ပြန်ခြင်းသည် အရေးပေါ်ဆောင်ရွက်ချက်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဖို့လိုပါမယ်**

ဒါ့အပြင် အရေးပေါ်အခြေအနေ ကြေညာလိုက်ပြီဆိုရင် သက်ဆိုင်ရာ နယ်မြေဒေသရှိ ပြည်သူတွေအနေနဲ့ မူလကခံစားခွင့်ရှိနေတဲ့ အခွင့်အရေးများကို လိုအပ်သလို ကန့်သတ်ထားရမှာဖြစ်လို့ ယင်းကိစ္စအတွက် အသေးစိတ် အခြေခံမှု ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ သို့မဟုတ် စစ်အုပ်ချုပ်ရေး အမိန့်တို့ကို ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့် ထုတ်ပြန်ခြင်းသည် အရေးပေါ်ဆောင်ရွက်ချက်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဖို့ လိုပါမယ်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်တဲ့ နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့ အသေးစိတ် အခြေခံရမယ့်မှု အပိုဒ် ၁၁ (ခ)နှင့်အညီ ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့လည်းကောင်း၊ ရက်ပေါင်း (၆၀)အတွင်း အစည်းအဝေးကျင်းပရန် မရှိလျှင် အထူးအစည်းအဝေးကို ခေါ်ယူ၍လည်းကောင်း တင်ပြအတည်ပြုချက် ရယူရန် အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်ပြီးဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

တစ်ဆက်တည်း တင်ပြလိုတာကတော့ နိုင်ငံတော်သမ္မတအနေဖြင့်အထက်ပါအတိုင်း သတ်မှတ်ကာလအတွင်း အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရာတွင် အကယ်၍အတည်ပြုချက် မရခဲ့လျှင် နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့ ချမှတ်ခဲ့ပြီးတဲ့ အသေးစိတ် အခြေခံရမယ့်မှု အပိုဒ် ၁၁ (ခ)၊ ၁၁(ဂ)၊ ၁၁ (ဃ) တို့နှင့် အညီ အသေးစိတ်အခြေခံမှုတစ်ရပ် ချမှတ်သင့်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ နယ်မြေဒေသတစ်ခုခုတွင်ဖြစ်စေ၊ နိုင်ငံတော်တစ်ဝန်းလုံးတွင်ဖြစ်စေ အချုပ်အခြာအာဏာ ဆုံးရှုံးပြီး တိုင်းပြည် ဖရိုဖရဲ ပြိုကွဲမယ့် အခြေအနေမျိုး ပေါ်ပေါက်လာရင် နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းသဘောတူညီချက်ရယူပြီး အရေးပေါ်အခြေအနေ အချိန်မီကြေညာရာတွင် နိုင်ငံတစ်ဝန်းလုံး အကျိုးသက်ရောက်ကြောင်းနဲ့ အချိန်ကာလ သတ်မှတ်ချက်ဟာ တစ်နှစ်အထိဖြစ်ကြောင်းကိုလဲ ထည့်သွင်း သတ်မှတ်ဖို့ အသေးစိတ်အခြေခံရမယ့်မှု လိုအပ်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်မှာတင်ပြခဲ့သလို နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်အချုပ်အခြာအာဏာလက်လွတ် ဆုံးရှုံးစေမယ့် အခြေအနေကို ကာကွယ်နိုင်ဖို့အတွက် အရေးပေါ်အခြေအနေကြေညာရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲအပ် ဆောင်ရွက်စေနိုင်သကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကျင့်သုံးမှုနှင့် စပ်လျဉ်းလို့ ပိုမိုရှင်းလင်း လွယ်ကူမှုရှိစေဖို့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေတဲ့နေ့ကစပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများမှအပ အခြား အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများအား တာဝန်မှ ရပ်စဲပြီးဖြစ်တယ်ဆိုတဲ့ အချက်ကို အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ထည့်သွင်းချမှတ်သင့်ပါကြောင်း ဆွေးနွေး အကြံပြုအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်အာဏာကို လွှဲအပ်ခြင်းခံရတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အတွက် လိုအပ်မယ့် ဥပဒေများကိုလဲ ပြဋ္ဌာန်းပိုင်ခွင့်ရရှိလာမည်ဖြစ်သဖြင့် သက်ဆိုင်ရာ လွှတ်တော်တွေကိုလဲ ဥပဒေများပြဋ္ဌာန်းခွင့် ပြုထားမယ်ဆိုရင် ရှုပ်ထွေးမှု ဖြစ်ပေါ်စေနိုင်တဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို ကျင့်သုံးရန် လွှဲအပ်ပေးထားသည့် အချိန်ကာလအတောအတွင်း လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသင့်ပါတယ်။

ဒါ့ပြင် နိုင်ငံမှာ ဖြစ်ပျက်နေတဲ့အခြေအနေများအရ နိုင်ငံတော်သမ္မတက နိုင်ငံတော်အာဏာကို လွှဲအပ်ပေးတဲ့အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ အချုပ်အခြာ အာဏာသုံးရပ်ကို မိမိကိုယ်တိုင်ကျင့်သုံးသကဲ့သို့ သင့်လျော်မယ့် အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တစ်ဦးကို လွှဲအပ်စေနိုင်ခွင့်ရှိခြင်းဖြင့် လုပ်ငန်းများ ပိုမိုလွယ်ကူအောင်မြင်နိုင်မည် ဖြစ်ပါသဖြင့် အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ထည့်သွင်းချမှတ်ပေးသင့်ပါကြောင်းနှင့် အရေးပေါ်အခြေအနေ ကြေညာရုံနဲ့ မလုံလောက်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ကျင့်သုံးဆောင်ရွက်စေရာမှာလဲ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်လို့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးများကို လိုအပ်သလို ကန့်သတ်ခွင့်၊ ရပ်ဆိုင်းခွင့်ရှိရမှာဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့်မှု ချမှတ်နိုင်ရေးအတွက် ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော် အာဏာလွှဲအပ်ဆောင်ရွက်စေတဲ့ကိစ္စနဲ့ စပ်လျဉ်းပြီး အတည်ပြုချက်ရယူခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ မိမိကိုပေးအပ်ထားတဲ့ တာဝန်တွေကို ဆောင်ရွက်ခြင်း၊ အခြေအနေကိုတင်ပြခြင်းကိစ္စတွေနဲ့ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်သို့ မည်သို့ အစီရင်ခံတင်ပြစေသင့်တယ်ဆိုတဲ့ အချက်တွေကို အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်ထားဖို့ လိုအပ်မှာဖြစ်သလို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ မိမိအားပေးအပ်ထားတဲ့ တာဝန်တွေကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတကလဲ ယင်းအစီရင်ခံစာရရှိတဲ့အခါ မိမိထုတ်ပြန်ခဲ့တဲ့ နိုင်ငံတော် အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့တဲ့အမိန့်ကို နေ့ရက်အတိအကျ သတ်မှတ်ပယ်ဖျက်ဖို့လဲ လိုမှာဖြစ်တဲ့အတွက် ယင်းကိစ္စနဲ့ စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မှု ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေသည့်နေ့ကစပြီး နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများမှအပ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲထားပြီးဖြစ်သဖြင့် နိုင်ငံတော်အာဏာလွှဲအပ်ထားသည့် အမိန့်ကို ပယ်ဖျက်လိုက်သည့်အခါ နိုင်ငံတော်သမ္မတအနေနဲ့ အာဏာပိုင် အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပေးရန်လိုအပ်မှာဖြစ်သည့်အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိအားပေးအပ်ထားတဲ့ တာဝန်ကို ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံလာတဲ့အခါ နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ပြီး ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်စေရေးအတွက် အသေးစိတ်အခြေခံမှုတစ်ရပ် ချမှတ်နိုင်ပါရန် ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော် အာဏာသုံးရပ်ကို လွှဲအပ်ချိန်မှစ၍ လွှတ်တော်အားလုံး၏ လုပ်ငန်းများ ရပ်ဆိုင်းထားပြီးဖြစ်သည့်အပြင် ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ကူညီဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို တာဝန်ပေးအပ်သင့်ပြီး ယင်းကောင်စီမှာ ပါဝင်တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အား ယင်းတို့နေရာများတွင် အသစ်ရွေးချယ် တင်မြှောက်ပြီးသည်အထိ ဆက်လက် တည်ရှိသင့်ပါသဖြင့် ယင်းကိစ္စအတွက် အသေးစိတ်အခြေခံမှု ချမှတ်သင့်ပါကြောင်းနှင့် အကယ်၍ လွှတ်တော်သက်တမ်း ကုန်းဆုံးသော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အချိန်ကာလကို ထပ်မံတိုးမြှင့်ပေးရန် တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကပင် ခွင့်ပြုပေးသင့်ကြောင်းကိုလည်း အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထက်မှာ တင်ပြခဲ့သလို ၎င်းအား ပေးအပ်ထားတဲ့တာဝန်ကို ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံတင်ပြလာတဲ့အခါ နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရန်လိုအပ်မည် ဖြစ်ပါတယ်။

ယင်းကဲ့သို့ ပယ်ဖျက်လိုက်တဲ့နေ့ကစပြီး သတ်မှတ်တဲ့ကာလအတွင်းမှာ နိုင်ငံတော်သမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ရမှာဖြစ်ပြီး အဲဒီလို ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီကြားကာလအတွင်းမှာ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်သင့်ပါတယ်။ ၎င်းအပြင် နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးအာဏာဟာ အာဏာသုံးရပ်မှာ အမြင့်ဆုံးအာဏာဖြစ်တာကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကသာ ကိုယ်တိုင်ကျင့်သုံးသင့်သကဲ့သို့ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာများကိုမူ သင့်လျော်တဲ့ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေသင့်ပြီး အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်တမ်းကုန်ဆုံးနေပြီးဖြစ်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့နေရာများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် ညီညွတ်သည့် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့်သာ တာဝန်ပေးအပ်သင့်ကြောင်း အသေးစိတ်အခြေခံရမယ့်မှု ချမှတ်နိုင်ရေးအတွက် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်မှာတင်ပြသကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာပြီးသည့်အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် အချိန်ကာလသတ်မှတ်ရာမှာ နိုင်ငံတော်အာဏာ လွှဲအပ်သည့်အမိန့်ကို ပယ်ဖျက်ပြီးတဲ့နေ့ကစ၍ (၆)လအတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် အသေးစိတ်အခြေခံမှုတစ်ရပ် ချမှတ်နိုင်ရေးနှင့် နိုင်ငံတော်ရဲ့ယန္တရား ပုံမှန်လည်ပတ်စေရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ဖွဲ့စည်းတာဝန်ပေးထားသော အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ယင်းအဖွဲ့အစည်း အသစ်များ ဖွဲ့စည်းပြီးသည်အထိ တာဝန်ကို ထမ်းဆောင်ရမယ်ဆိုတာကိုလည်း ဖော်ပြသတ်မှတ်ပေးသင့်ကြောင်း၊ အသေးစိတ်အခြေခံရမယ့်မှုချမှတ်နိုင်ရေးတို့အတွက်လည်းကောင်း၊ အထွေထွေရွေးကောက်ပွဲများ မကျင်းပနိုင်မီအတွင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ယာယီကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးခြင်းဖြစ်လို့ နိုင်ငံတော်သမ္မတအနေဖြင့်သာ ဖော်ပြသင့်ပါသဖြင့် ယင်းကိစ္စအတွက် အသေးစိတ်အခြေခံမှု ချမှတ်နိုင်ရေးအတွက်လည်းကောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တွင် အရေးပေါ်အခြေအနေကြေညာပြီး အုပ်ချုပ်နေရတဲ့ကာလအတွင်းမှာ နိုင်ငံတော်သမ္မတကဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကဖြစ်စေ တာဝန်ပေးခြင်းခံရသော စစ်ဘက်နှင့်နယ်ဘက်ဆိုင်ရာ ဝန်ထမ်းတွေဟာ အခက်အခဲမျိုးစုံနဲ့ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ရတာဖြစ်လို့ ၎င်းတို့ရဲ့ တရားဝင်ဆောင်ရွက်ချက်များအတည်ပြုစေရမည့်အပြင် ယင်းဆောင်ရွက်ချက်ကို အကြောင်းပြု၍ တရားစွဲဆိုခွင့် မရှိစေရေးအတွက် အသေးစိတ်အခြေခံမှု ချမှတ်နိုင်ရန် အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒါ့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိရမယ့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း အောက်ပါအတိုင်းစုစည်းတင်ပြအပ်ပါတယ်–

၁။ **တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေ ကြေညာနိုင်သည်။**

၂။ **အပိုဒ် ၁ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

(က) **သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်။**

(ခ) **ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေပြုခွင့်အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်၊ သို့ရာတွင် ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ။**

၃။ (က) **တိုင်းဒေသကြီးတစ်ခုတွင် ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ တစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိကြောင်း သိရှိလျှင် နိုင်ငံတော် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။**

(ခ) **အထက်အပိုဒ်(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက် ရယူရမည်။**

၄။ **အပိုဒ် ၃ အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

(က) **အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိ စေခြင်းငှာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ယင်းအဖွဲ့ အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်နိုင်သည်။ ယင်း စစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ-

(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေအကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။

(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။

၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ် ၁ နှင့် ၂ အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း၊ အပိုဒ် ၃ နှင့် ၄အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ-

(က) ရက်ပေါင်း(၆၀)အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) ရက်ပေါင်း(၆၀)အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၇။ အပိုဒ် ၆အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက-

(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့် နေ့ရက်နှင့်အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ခ) အတည်ပြုသည့်အပြင် အချိန်ကာလ ထပ်မံတိုးမြှင့်သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့် နေ့ရက်နှင့်အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ဂ) အတည်မပြုလျှင် အတည်မပြုသည့် နေ့ရက်နှင့်အချိန်ကာလကစတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စု ပြိုကွဲစေမည့်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ် အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်း တွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံး ဖြစ်ကြောင်းနှင့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့် ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်။

၉။ (က) အပိုဒ် ၈အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ကြေညာသည့် နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်း ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟုမှတ်ယူရမည်။

(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင် ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

၁၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ် အခြေအနေ ကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည်-

(က) အပိုဒ် ၈ နှင့် ၉ အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စု လွှတ်တော်အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူစေ၍ အစီအရင်ခံ တင်ပြရမည်။

# သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာလွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်

၁၃။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော် သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံ တင်ပြပြီးသည့်နေ့မှစ၍ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တင်ပြချက် လက်ခံရရှိသည့်နေ့မှ၍ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာကို ရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။

၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည်လည်းကောင်း ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အသစ်တို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်။

၁၆။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။

၁၇။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ် ၈နှင့် ၉ အရ အရေးပေါ်အခြေအနေ ကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန် ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့်အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်းကြေညာရမည်။

၁၈။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်းမပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတအသစ် ရွေးချယ် တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့် အချိန်ထိ နိုင်ငံတော် အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ကျင့်သုံး ဆောင်ရွက်ရာတွင် ဥပဒေပြုရေး အာဏာကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက် သင့်လျော်သည့် အဖွဲ့အစည်းများဖွဲ့စည်း၍ ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံးဆောင်ရွက်စေနိုင်သည်။

၁၉။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ အရည်အချင်းနှင့် ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

၂၀။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ် ၁၇အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့် နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်။

၂၁။ အပိုဒ် ၁၉အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၂၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတ အမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်။

၂၃။ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်းတွင် နိုင်ငံတော်သမ္မတ ကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော် အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်များ ပေးအပ်ခြင်းခံရသည့် အာဏာပိုင် အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့ အစည်းဝင်တစ်ဦးဦး၊ နယ်ဘက် ဝန်ထမ်း အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်း တစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၏ တရားဝင် ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင် ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့်မရှိစေရ။

တို့ ဖြစ်ပါကြောင်း စုစည်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဆက်လက်၍ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ **သီးခြားအကြံပြုချက်**ကို တင်ပြသွားပါမယ်။

အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်းလို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြား စုစည်းတင်ပြချက် အပိုဒ် ၄(ခ)တွင် သမ္မတက ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ သာမက တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကိုပါ သတ်မှတ်ပေးထားသည်ကို တွေ့ရှိရသော်လည်း စုစည်းတင်ပြချက်အပိုဒ် ၂(က)၊ (ခ)တို့အရ နိုင်ငံတော်သမ္မတအား အုပ်ချုပ်ရေးအာဏာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာတို့ကို အပ်နှင်းထားပြီး တရားစီရင်ရေးအာဏာ အပ်နှင်းထားခြင်းမရှိသဖြင့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်ကို အပိုဒ် ၄အရ သမ္မတက ကာကွယ်ရေးဦးစီးချုပ်အား ကျင့်သုံးဆောင်ရွက်စေခြင်းမှာ သမ္မတသည် အပိုဒ် ၂ အရ မိမိအား အပ်နှင်းထားခြင်းမရှိသည့် လုပ်ပိုင်ခွင့်ကို ကာကွယ်ရေးဦးစီးချုပ်ထံ အပ်နှင်းသည့်သဘော သက်ရောက်နေပါသဖြင့် အပိုဒ် ၂ နှင့် ၄ တို့ ရှေ့နောက် ဆက်စပ်လိုက်လျောညီထွေရှိစေရန် အပိုဒ် ၂(က)နှင့် (ခ)တို့အပြင် အပိုဒ် (ဂ)အဖြစ် **"ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ တရားစီရင်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည့်အပြင် ယင်းအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးအား ဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်"** ဟု ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း **သီးခြားအကြံပြု** တင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား-**

ကျွန်တော်တို့ ယခုချမှတ်ကြမယ့် အခြေခံမူများဟာ နိုင်ငံတကာမှာ လက်တွေ့ကျင့်သုံးနေတဲ့ ကမ္ဘာသုံးမူများ ဖြစ်ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း တို့အတွက် ဒီအခြေခံမူတွေရရှိရေးအတွက် နိုင်ငံတကာ အတွေ့အကြုံရော၊ မြန်မာနိုင်ငံရဲ့အတိတ်သမိုင်း အတွေ့အကြုံများကိုပါ စေ့စေ့စပ်စပ် လေ့လာ ဆန်းစစ်၊ သုံးသပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြထားတဲ့အတွက် အထူးကျေးဇူး တင်ရှိပါကြောင်းနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြထားတဲ့ အခြေခံမူများကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

## ရွှေသလ္လာပရိယတ္တိစာသင်တိုက် ရွှေသိမ်တော် အုတ်မြစ်စီမင်္ဂလာ

**ရန်ကုန် ဒီဇင်ဘာ ၉**

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၄)ဝိုင်း သာသနာ့မြေ ရွှေသလ္လာပရိယတ္တိစာသင်တိုက်တွင် အများပြည်သူများစုပေါင်း၍ ရွှေသိမ်တော်အုတ်မြစ်စီအခမ်းအနားကို ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီ ၄၅မိနစ်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြီး သိမ်ဆောက်လုပ်ရန် အတွက် အလှူရှင်များစုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၉၀ကို ဆရာတော် ဘဒ္ဒန္တဦးကောဝိဒ (ရွှေသလ္လာ)ထံ ကပ်လှူကြပြီး သိမ်တော်ကြီးပြီးမြောက်ရေးအတွက် အလှူရှင်များ လှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တဦးကောဝိဒ(ရွှေသလ္လာ) ဖုန်း–၀၁–၅၆၀၅၄၂နှင့် ဦးမောင်ကျော် (ကျော်နှင့်ညီများ ဒိုင်နမိုမော်တာပြုပြင်ရေး) ဖုန်း–၀၉–၅၁–၃၆၄၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



## မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြောက်ဥက္ကလာပမြို့နယ် မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော် အရှင်နန္ဒသီရိအရှင်သူမြတ်သည် ဒီဇင်ဘာ၁၄ရက်မှ ၂၀ရက်အထိ ကျွန်းဗောဓိကျောင်း လေးမျက်နှာမြို့၊ ဒီဇင်ဘာ၂၅ရက်မှ ၃၁ရက်အထိ အဖွဲ့ခွဲ(၄၃၁) မုဒုံမြို့၊ ဇန်နဝါရီ၁၃ရက်မှ ၂၀ရက်အထိ ဇိတ်ဖွန်းရွာ ရေဦးမြို့၊ ဇန်နဝါရီ၂၆ရက်မှ ဖေဖော်ဝါရီ၁ရက်အထိ ဝက်ဖြုကုန်းရွာ အုတ်တွင်းမြို့၊ ဖေဖော်ဝါရီ၂ရက်မှ ၄ရက်အထိ ခေါင်ရမ်းရွာ အုတ်တွင်းမြို့၊ ဖေဖော်ဝါရီ ၇ရက်မှ ၁၃ရက်အထိ အဖွဲ့ခွဲ(၂၃၇) မြောင်းတကာ မှော်ဘီမြို့တို့၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## ဝန်ကြီးဗိုလ်ချုပ်ဌေးဦး စိုက်ပျိုးထုတ်လုပ်သူအသင်းများနှင့်တွေ့ဆုံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၉

**ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ သီးနှံ အမယ်အလိုက် ဖွဲ့စည်းထားသော စိုက်ပျိုးထုတ်လုပ်သူအသင်းများ၊ ဌာနဆိုင်ရာများတွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ညနေ၄နာရီက ရန်ကုန်မြို့ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ သီးနှံအမယ်အလိုက် ဖွဲ့စည်းထားသော စိုက်ပျိုးထုတ်လုပ်သူများအသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

### ကြိုဆိုနှုတ်ခွန်းဆက်

တွေ့ဆုံပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေကြောင်း၊ လယ်ယာကဏ္ဍသည် အမျိုးအစားအားဖြင့်လည်း ကြီးမားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတွင် ထပ်မံတိုးချဲ့ဖော်ထုတ် စိုက်ပျိုးနိုင်မည့် မြေသယံဇာတ ပေါကြွယ်ဝကြောင်း၊ နိုင်ငံစီးပွားရေးပိုမို ဖွံ့ဖြိုးတိုးတက်လာရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများ၊ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်စည်း၍ အသင်းအဖွဲ့တစ်ရပ်အနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားခြင်းဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမှုမှကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံ စားသောက်ကုန် ထုတ်လုပ်သူများအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက အသင်းများ၏ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်နိုင်မည့် လုပ်ငန်းကိစ္စရပ်များကို အသင်းများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၉**

လသာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက်၉နာရီက လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့နာယက ဦးတင်ထွန်း (တင်ထွန်း–တွံ့တေး)က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုကော်မတီဝင် ဦးလှထွန်း (လှထွန်း–တွံ့တေး) **(အပေါ်ပုံ)** နှင့်လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

### ရှင်းလင်းတင်ပြ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ အတွင်းရေးမှူး ဦးအောင်မော် (မောင်ယဉ်ထိုက်)က ရှင်းလင်းတင်ပြပြီး လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင် (သီဟညွန့်တင်–လသာ)က နိုင်ငံတော်

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သော အဖွင့် အမှာစကားနှင့် စတုတ္ထအကြိမ် စာပေညီလာခံကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့၏ အဖွင့်အမှာစကားများကို ဖတ်ကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဘဏ္ဍာရေးမှူး ဦးသန်းဦး (ဒီဒီး–နီကွန်း)က အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေး စာရင်းရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များ မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

## စလေအသင်း စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

စလေအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် စာရင်းစစ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ စလေနယ်သူ နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(က–ပ)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း၃ လမ်း မှတ်တိုင်အနီး)တွင် မိခင်ဖြစ်သူအား အမှူးထား၍ ဆွန်မီဖန်၊ ဆွန်ယွိလင်၊ ဆွန်ယုံဝေးတို့က ငွေကျပ်သုံးသိန်းကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏နယ်လှည့်စာ ကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၉ရက်က အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတွင်ကျင်းပရာကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်လှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်သူဇာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၀–၁၂–၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ငါ့သရောက်ရေလှောင်တမံ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ Yan Can Cook
၁၁:၅၀ ၅။ မြန်မာ့ရုပ်ရှင်**"မှဲ့တစ်ပေါက်"** ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ ဒေဇီကျော်ဝင်း(ဒါရိုက်တာ – ခင်စိုး)
၁၃:၃၀ ၆။ စိမ်းလန်းစိုပြည်အပူပိုင်းဒေသနယ်မြေ(စစ်ကိုင်းတိုင်း)
၁၃:၄၅ ၇။ အဆိုပြိုင်ပွဲ
၁၄:၀၀ ၈။ ပိုင်ကျူရေထိန်းတံခါး
၁၄:၁၀ ၉။ အတီးပြိုင်ပွဲ
၁၄:၂၅ ၁၀။ **"မျှော်သူမမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၄:၃၅ ၁၁။ ဗိုလ်မြတ်ထွန်းတံတား
၁၄:၄၅ ၁၂။ International News
၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဥပဒေပညာ အထူး ပြု) [ဥပဒေပညာ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅ ၆။ မြန်မာမှုပန်းဆယ်မျိုး(ပန်း ယွန်း)
၁၇:၂၀ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ သီရိဂေဟာ
၁၉:၀၀ ၁၁။ Discovery.
၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြယ်ကြွေရင်ခုန်သံ"** (အပိုင်း–၃)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လှပသော နေ့ရက်များ"** (အပိုင်း–၆)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

## မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်၈နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ(၂) ဦးလှမောင်ရွှေနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်တို့က အမှာစကားအသီးသီး ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးအောင်က ဒုတိယအကြိမ်နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား ဖတ်ကြားတင်ပြပြီး သင်းဖွဲ့စည်းမျဉ်းများအား ပြန်လည်ဖြည့်စွက် တင်ပြကာ တက်ရောက်လာသူများ၏ ဆန္ဒသဘောတူညီချက်ကိုရယူ၍ အတည်ပြုကြောင်း ကြေညာသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း သင်တန်းများ ဖွင့်လှစ်ရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေထံသို့ လည်းကောင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းကိုယ်စား အတွင်းရေးမှူး ဦးထွန်းအေးက သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ်၁၀သိန်းကို မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်ထံသို့ လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြပြီးအစည်းအဝေးကို ခေတ္တရပ်နားသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ယင်းနောက် ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ပရိသတ်များက တရားတော်များနာယူကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




**မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ်နှစ်ပတ်လည် အစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



ဒီဇင်ဘာ ၈ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲဆက်ယှဉ်ပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းနှင့် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ဂိုးမရှိသရေပွဲဖြင့်လည်းကောင်း၊ စလင်းအားကစားကွင်း(ကြည့်မြင်တိုင်)၌ ကျင်းပသောပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နိဗ္ဗာန်ဈေး အလှူမင်္ဂလာပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲကို (၁၇)ကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၂၃ရက်(စနေနေ့) ညနေ ၃နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

နိဗ္ဗာန်ဈေးတွင် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဆိုင်ခန်းများဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရောင်းရငွေများအားလုံးကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။

ထို့ပြင် ပျော်ရွှင်စရာကစားနည်းများပါဝင်မည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်အဖြစ် တေးသီငှက် (Nightingale) အဖွဲ့နှင့် အတူ နာမည်ကျော်မြန်မာမှု တေးသံရှင်များ၊ စတီရီယိုတေးသံရှင်များက ပါဝင် သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဒီဇင်ဘာ ၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) ကျိုက်ထီးရိုးကျောင်း မဟာသုကတကာရီ ကံတော်ပွင့်သာသနာ့ဗိမာန်တော်တည်ဆောက်ရန် အလှူငွေကျပ် ၁၅၀၀၀၀နှင့် ကန်/ရှေ့ရပ်ကွက် ရွှေညောင်ပင် ဇရပ်ကွင်းကျောင်းတိုက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၆၅၇၄၂ စုစုပေါင်း ငွေကျပ် ၃၁၅၇၄၂ကို ကန်တော်ကလေး(အရှေ့) ရပ်ကွက်နေ ဦးအောင်သန်း၊ ဦးလှသိန်း၊ ဦးထွန်းမြင့်တို့က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။**
(၂၅၉)





ဒီဇင်ဘာ ၉ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီးတို့ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူလူထုနှင့်အတူ တပျော်တပါး ပါဝင် လမ်းလျှောက်ကြစဉ်။
(သတင်း-ကျောဖုံး) (သတင်းစဉ်)

## ၂၀၀၆ခုနှစ် ဒီဇင်ဘာဒုတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌တပျော်တပါးဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၉

**ပြည်သူတစ်ရပ်လုံးပါဝင်လှုပ်ရှားသည့် လူထုအားကစား(Mass Sports)ကို မြှင့်တင်ဆောင်ရွက်သွားရန်ဆိုသည့် နိုင်ငံတော်၏ အားကစားဆိုင်ရာ ရေ့လုပ်ငန်းစဉ်နှင့်အညီ "ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင်၊ ပါဝင်လှုပ်ရှား လူထုအားကစား" ဟူသောဆောင်ပုဒ်ဖြင့်ကျင်းပသည့် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆နာရီက နေပြည်တော် မြို့မဈေးစုရပ်၊ ပြန်ကပြေးစုရပ်နှင့် သပြေကုန်းစုရပ်တို့၌ကျင်းပရာ ဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းအင်အား တစ်သောင်းနှစ်ထောင်ကျော်တို့ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။**

### နေရာယူ

ရှေးဦးစွာ နံနက်၅နာရီခွဲမှစတင်၍ နေပြည်တော် မြို့မဈေး စုရပ်သို့ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ အိမ်ရာများမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ကုမ္ပဏီဝန်ထမ်းများသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ လမ်းဖြတ် စာသားပိုစတာအောက်၌ နေရာယူကြသည်။

### စုပေါင်းလမ်းလျှောက်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ကုမ္ပဏီဝန်ထမ်းများသည် တောင်ညို-ပျဉ်းမနားလမ်းမှ သပြေကုန်းအဝိုင်းကိုပတ်၍ နေပြည်တော်မြို့မဈေးရှေ့သို့ စုပေါင်းလမ်းလျှောက်ကြပြီး နေပြည်တော် မြို့မဈေးရှေ့၌ ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ(၁)နှင့် (၂)တို့ဖြင့် စုပေါင်းကိုယ်လက် လှုပ်ရှားမှုကို တပျော်တပါးပြုလုပ်ကြသည်။

အလားတူ ပြန်ကပြေးစုရပ်နှင့် သပြေကုန်းစုရပ်တို့၌လည်း နံနက်၆နာရီမှစတင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက နေပြည်တော်မြို့တော်ခန်းမအထိ စုပေါင်းလမ်းလျှောက်ကြသည်။

**(သတင်းစဉ်)**

## ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် သရုပ်ပြပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

Noritsu Singapore Pte., Ltd. နှင့် Accel International Co., Ltd. တို့က တင်သွင်းသော Noritsu အမျိုးအစား LPS-24PRO ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်သစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ Accel International Co., Ltd.မန်နေဂျင်းဒါရိုက်တာ Mr. Alvin Lawက နှုတ်ခွန်းဆက် စကားပြောကြားပြီး Noritsu Singapore Pte.,Ltd, Regional Sales Manager Mr. K.B Leongက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ Accel International Co., Ltd. မှ Noritsu Business Manager ဦးသီဟဇော်က Noritsu Digital စက် အကြောင်း ရှင်းလင်းတင်ပြသည်။

### ပုံကြီးချဲ့ကူးယူနိုင်

Accel International Co., Ltd. မှ တင်သွင်းသော Noritsu အမျိုးအစား ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်သည် ဖလင်ကင်မရာအသုံးပြုသူများ၊ ဒစ်ဂျစ်တယ်ကင်မရာအသုံးပြုသူများ၊ ဒစ်ဂျစ်တယ်မီဒီယာများမှ တစ်ဆင့် ပုံထုတ်ယူလိုသူများအတွက် ဓာတ်ပုံအရည်အသွေးဖြင့် အနံ ၂၄ ဒသမ ၅ လက်မမှ အလျားလက်မ ၁၀၀ အထိ ပုံကြီးချဲ့ကူးယူနိုင်သည့် စက်အမျိုးအစားဖြစ်သည်။

Accel International Co., Ltd. မှ Noritsu Digital ဓာတ်ပုံကူးစက်နှင့် အခြား Noritsu ဓာတ်ပုံကူးစက်၊ Noritsu ဖလင်ဆေးစက်အမျိုးမျိုးကိုလည်း တင်သွင်း ရောင်းချပေးနေပြီး ဓာတ်ပုံဆိုင်လုပ်ငန်း လည်ပတ်သည်အထိ တာဝန်ယူ ကူညီဆောင်ရွက်ပေးသည်။ အမှတ် ၄၂၂/၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂၊ ၂၀၂၀၉၆ သို့ မေးမြန်း စုံစမ်း၍ ဆက်သွယ်ဝယ်ယူနိုင်သည်။

ယခု မိတ်ဆက် သရုပ်ပြသော Noritsu အမျိုးအစား LPS-24 PRO စက်သစ်ကြီးဖြင့် မန္တလေးမြို့ ၃၅လမ်း (၈၂လမ်းနှင့် ၈၃လမ်းကြား) Nice Photo တွင် ကူးယူနိုင်ပြီဖြစ်သည်။ **(သတင်းစဉ်)**





**Accel International Co., Ltd.မန်နေဂျင်းဒါရိုက်တာ Mr. Alvin Lawက Noritsu အမျိုးအစား LPS-24PRO ဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်သစ် မိတ်ဆက်ရှင်းလင်းပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)



**ဒီဇင်ဘာ ၉ ရက်က လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာတစ်နိုင်ငံလုံး တတိယဆုရရှိသူ မအိအိဖြူဆွေအား ကျောင်းအကျိုးဆောင်အဖွဲ့ဝင် ဦးထွန်းရွှေ (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ဆုချီးမြှင့်စဉ်။** (က-ပ)

## မင်္ဂလာတောင်ညွန့်မြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ဦးဆောင်ပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၄ရက်မှ ၇ရက်အထိ မြို့နယ်အတွင်းရှိ အထက(၁)၊ အထက (၃)၊ အထက(၄)၊ အထက(၅)၊ အထက-(၆)၊ အထက(၇)၊ အလက(၁)၊ အလက(၂)တို့တွင် ၁၃၆၈ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများ ကျင်းပရာ စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် တက္ကသိုလ်သခ်၊ ဟိန်းလတ်၊ မြတ်ချာန်၊ တက္ကသိုလ်စိုးယဉ်၊ ရှေ့ဆောင်တင်ဆွေ၊ ကိုရဲဇော်၊ တက္ကသိုလ် အေးမြစန္ဒာ၊ ဟန်စုယဉ်၊ ရေဦးမြင့်မောင်၊ ရဲဘော်ကျော်ဆန်း၊ မေလှကျော်၊ ရူပါသိမ်း၊ မယဉ်ကျေး(မြန်မာ)နှင့် ငယ်လေးမောင်(သပြေရုံ)တို့က အသီးသီး ဟောပြောခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ပွဲ၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက အား/ကာသိပ္ပံ(ရန်ကုန်)အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### ယနေ့ပွဲ

ဒီဇင်ဘာ ၁၀ ရက်(**ယနေ့**) ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအမျိုးသမီး ဘောလုံးအသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး)အမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မီးဘေးရှောင် မလောင်ခင်တား

## ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို မကြာမီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် တာမွေမြို့နယ် ဗညားဒလလမ်း ကျောက်မြောင်းမီးပွိုင့်အနီး အမှတ် ၃၆၃ရှိ Peace Burger & Snacks စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် ကိုမောင်မောင်ဦး ဖုန်း-၀၉-၅၁-၄၉၉၇၇၊ ကိုမျိုးသန်းထွန်း ဖုန်း-၀၉-၈၀-၂၀၀၁၃၊ ဦးစိုးကိုကို ဖုန်း-၀၁-၆၉၀၄၉၉၊ မမြတ်သဥ္ဇာဝင်း ဖုန်း-၀၁-၇၂၁၄၈၈၊ မထားအိဝင်း ဖုန်း-၀၁-၅၂၆၆၂၃၊ မသူဇာဝင်း ဖုန်း-၀၁-၂၄၃၂၆၇၊ ၅၄၀၃၂၆၊ မမျိုးမြတ်မွန် ဖုန်း-၀၁-၃၈၁၇၃၃နှင့် ကိုမင်းထွဋ်ဦး ဖုန်း-၀၉-၅၁-၇၁၂၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## တရားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အောင်ဓမ္မာရုံ ဝေယျာဝစ္စအဖွဲ့နှင့် အလှူရှင်များက ကြီးမှူး၍ (၅)ကြိမ်မြောက် ဝါတွင်း၊ ဝါပဆွမ်းလောင်းလှူခြင်းအထိမ်းအမှတ် တရားပွဲကို ဒီဇင်ဘာ ၁၀ရက်မှ ၁၄ရက်အထိ ညစဉ် ၇နာရီမှစတင်၍ တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ၁၄၈လမ်း၌ ငါးညတိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၀ ရက်တွင် အရှင်ဇဝန (ရွှေပြည်သာ)၊ ဒီဇင်ဘာ ၁၁ ရက်၌ အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်)၊ ဒီဇင်ဘာ ၁၂ရက်တွင် အရှင် စန္ဒောဒယ (မော်ဘီဓမ္မဒူတ)၊ ဒီဇင်ဘာ ၁၃ ရက်၌ အရှင်ကဝိဿရ(မော်ဘီ ဓမ္မဒူတ)နှင့် ဒီဇင်ဘာ ၁၄ရက်တွင် အရှင် ဆေကိန္ဒ (မော်ဘီ ဓမ္မဒူတ)တို့က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အခမ်းအနားမှူးသင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးဖွင့်လှစ်သော အခမ်းအနားမှူး သင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဆင်းပွဲကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၂၈ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒုတိယဌာနကြီးမှူးနှင့် အဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။**




**အမှာစကားပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ပထမဆုရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်နန်းယုထွေးအား ဆုငွေကျပ် သုံးသောင်း၊ ဒုတိယဆုရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာ ဒေါ်နုနုသိန်းအား ဆုငွေကျပ်နှစ်သောင်းနှင့် တတိယဆုရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဒေါ်အေးအေးနိုင်အား ဆုငွေ ကျပ် တစ်သောင်း ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး**(အပေါ်ပုံ)**က အထူးဆုရရှိသူများအား ဆုငွေများချီးမြှင့်သည်။

**ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်တို့က သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါက်တာ ဒေါ်နုနုသိန်းက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## အထက(၃)သာကေတ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

သာကေတမြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူများ၏ အဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၃၁ရက် (တနင်္ဂနွေနေ့)တွင် အထက(၃) သာကေတတွင် ကျင်းပမည်ဖြစ်ရာ အပတ်စဉ် ညှိနှိုင်းပွဲသို့ တက်ရောက်ကြပါရန်နှင့် အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား အလှူငွေများ လှူဒါန်းလိုပါက ဦးဝင်းမောင်-ဒေါ်ဌေးဌေးရှိန်နှင့် ဆရာမ ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အမှတ်(၄၃၉) တောင်သရက်လမ်း ၃၄ ရပ်ကွက်နှင့် အမှတ် ၃၉၃(ခ) ၉ရပ်ကွက် သူရလမ်း တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေ ဦးမောင်ကြီး-ဒေါ်မြခင်နှင့် ဦးရွှေ-ဒေါ်နုတို့အား ရည်စူး၍ ဦးသန်းရွှေ-ဒေါ်မြမြနှင့် သားသမီးများက အလှူငွေကျပ်တစ်သိန်းကို မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်ဆရာတော် အရှင်ရေဝတ(စာချနာယက)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)



## သဃ်န်းကျွန်း အထက(၄)ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း မူလအုတ်ညှပ်နှင့် ပျဉ်ထောင်နှစ်ထပ်ကျောင်းဆောင်ဟောင်းအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ဂရိတ်ရွှေတောင် ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ဆောက်လုပ်ပြီးစီးခဲ့သော ၁၇ ခန်းတွဲ ၅၁ခန်းပါ သုံးထပ်ကျောင်းဆောင်သစ်ကြီးအား ပညာရေးဌာနသို့ လွှဲပြောင်းလှူဒါန်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ရက်က ယင်းကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံသို့ ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးလေးရွှေက ကျေးဇူးတင်စကားပြောကြားသည်။ **(ဝ၅၂)**

## ဘိုကလေး အထက(၂) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

ဘိုကလေးမြို့ အထက(၂) တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာ၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ကျောင်းသားကျောင်းသူဟောင်းများကဦးစီး၍ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ကျင်းပမည်ဖြစ်သည်။

သို့အတွက် အငြိမ်းစားဆရာ၊ဆရာမကြီးများနှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသည့် ကျောင်းသားကျောင်းသူဟောင်းများသည် အထက(၂) ဘိုကလေးမြို့ ကျောင်းအုပ်ကြီးထံသို့လည်းကောင်း၊ ဦးသန်းစိုး ဖုန်း-၀၁-၅၄၉၂၂၆၊ ဦးသန်းထွန်း ဖုန်း-၀၁-၅၁၃၄၈၉၊ ဦးသန်းစိုး ဖုန်း-၀၁-၇၀၉၃၆၄ ရန်ကုန်မြို့တို့ထံသို့လည်းကောင်း ဆက်သွယ်ပါရန်နှင့် အငြိမ်းစားဆရာ၊ဆရာမကြီးများသည် ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားထားကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

## ဆူနာမီဒီလှိုင်းအန္တရာယ်သတိပေးမည့်ဗော်ယာ အိန္ဒိယသမုဒ္ဒရာအတွင်း ပထမဆုံးချထား

အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီဒီလှိုင်းအန္တရာယ်ကြိုတင်သတိပေးစနစ်တပ်ဆင်သည့် ဗော်ယာများချထားရေး အစီအစဉ်အရ ယခုအခါ ပထမဆုံးသောဗော်ယာကို ကျောက်ချချိတ်တွယ်ပေးလိုက်ပြီ ဖြစ်သည်။

**ကျောက်ချထား**

လူပေါင်း ၂၀၀၀၀၀ကျော် သေဆုံးခဲ့ရသည့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလက ဆူနာမီဒီလှိုင်းအန္တရာယ်ကို အဆိုးရွားဆုံးခံခဲ့ရသည့် ထိုင်းနှင့်သီရိလင်္ကာ နှစ်နိုင်ငံအကြား ထိုင်းအနောက်ဘက် ကမ်းလွန်မိုင် ၆၂၀ ခန့်အကွာတွင် ပထမဆုံးဗော်ယာကို ကျောက်ချထားရှိလိုက်သည်။

**သတိပေးချက်**

အဆိုပါဗော်ယာက ပင်လယ်ရေအောက် ရုတ်တရက် လေဖိအားတက်လာသည်ကို ရှာဖွေတွေ့ရှိပြီး ကမ်းစပ်ရှိ ဆူနာမီကြိုတင်သတိပေးအချက်ပြများထံ သတင်းပို့ပေးမည်ဖြစ်သည်။

**မျှော်မှန်းထား**

နောက်ဆုံး အင်ဒိုနီးရှားနှင့် သြစတြေးလျနိုင်ငံတို့အထိ ဗော်ယာ ၂၄လုံးကို တိုးချဲ့သွားနိုင်မည်ဟု မျှော်လင့်ထားကြောင်းသိရသည်။

**(ကိုးကား-အင်တာနက်)**



## အင်တာနက် သတင်းနှင့်ဓာတ်ပုံ



## အေအိုင်ဒီအက်စ်နှင့်ငှက်ဖျားရောဂါ အပြန်အလှန်ဆက်နွယ်သည့်လက္ခဏာရှိ

**အာဖရိကတိုက်တစ်နံတစ်လျားတွင်ဖြစ်ပွားသည့် ငှက်ဖျားရောဂါနှင့် အေအိုင်ဒီအက်စ်ရောဂါပျံ့နှံ့မှုတို့မှာ အပြန်အလှန်ထောက်ကူဆက်နွယ်သည့် လက္ခဏာတွေ့ရကြောင်းဖြင့် ကင်ညာနိုင်ငံ၌ အလုပ်လုပ်ကိုင်ကြသည့် သိပ္ပံပညာရှင်များက သုတေသနပြု တွေ့ရှိရသည်။**

ပေါင်းကူးဆက်နွယ်

**အဆိုပါ ရောဂါနှစ်မျိုး ဆက်နွယ် ပေါင်းကူးခြင်းဖြင့် ရောဂါနှစ်မျိုးစလုံးလျင်မြန်စွာပျံ့နှံ့ကုန်သည်ဟုလည်း သိပ္ပံဂျာနယ်တွင် ပညာရှင်များက ရေးသားထားသည်။ အေအိုင်ဒီအက်စ်ဖြစ်နေသူများ ငှက်ဖျားရောဂါကူးစက်လျှင် ၎င်းတို့၏ သွေးထဲ၌ အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်များ ထကြွသောင်းကျန်းလာပြီးနောက် ၎င်းတို့၏ ကြင်ဖော်ကြင်ဖက်များကို ရောဂါပိုမိုကူးစက်ဖြစ်ပွားသည့်လက္ခဏာ တွေ့ရသည်ဟု ဆိုသည်။**

အသေအပျောက်

**အိပ်ချ်ဗွီဗိုင်းရပ်စ်ကြောင့် အင်အား နည်းသူများမှာလည်း ငှက်ဖျားရောဂါ အလွယ်တကူဖြစ်ပွားနိုင်သည်။ အေအိုင်ဒီအက်စ်ရောဂါနှင့် ငှက်ဖျားရောဂါ နှစ်မျိုးစလုံးသည် အာဖရိကတိုက်၌ အသေအပျောက်အများဆုံး ရောဂါနှစ်မျိုးဖြစ်သည်။** (ကိုးကား-အင်တာနက်)



**ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်၄၆/၇၄၄ ဒီပါအေးမြလမ်း ၄၆ရပ်ကွက်နေ ဖခင်ကြီးဗိုလ်အုန်းစိန်အား ရည်စူး၍ မိခင်ကြီးဒေါ်စန်းကြည်နှင့်သားသမီး မြေးတစ်စုတို့က ခြောက်ထပ်ဆေးရုံသစ်ကြီးဆောက်လုပ်ရန်အတွက် ငွေကျပ်၁၀၀၀၀၀ကို ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့သို့ ဒီဇင်ဘာ၉ရက်က ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၉

တနင်္သာရီတိုင်း ကော့သောင်းမြို့ (၂)မိုင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီ ဓမ္မရိပ်သာကြီး၌ ဒီဇင်ဘာတရားစခန်းပွဲကို ဒီဇင်ဘာ ၂၁ရက်မှ ၃၁ရက် (ပြာသိုလဆန်း ၃ ရက်မှ ၁၂ ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်အမှတ်(၅)မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A) က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



ရန် ကုန် မြို့ မင်္ဂလာဒုံ မြို့နယ် စမ်းကြီးဝ ဝိသကြုံ ၄-လမ်း၊ အမှတ်(၅၅)နေ ဦးသန်းဖေ-ဒေါ်နုနုမိသားစုက ဒဂုံမြို့နယ်၊ အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၁၆)ရပ်ကွက် သာသနာ့ဒီပ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ဝင်ရာလမ်းဖြစ်သော မဂ္ဂင် လမ်းမကြီးခင်းရန်အတွက် ဖခင် ဦးထွန်း၊ မိခင်ဒေါ်ခင်စိန်၊ သမီး မလှဲ့လှဲ့ကြည် တို့အားရည်စူး၍ ကျန်ရစ်သူမိသားစု ဇေယျာမြိုင် (၁)လမ်း၊ ၃၁ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)က အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ကျောင်းတိုက် ပဓာနနာယကဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

## ရေဝတီတိုင်း ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကျင်းပ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဟောပြော၊ ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၉

**ရေဝတီတိုင်း ၂၀၀၆ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၂ရက်နံနက်၅ နာရီခွဲက ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဦးဆောင်၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးစုရပ်မှ ပုသိမ်-ရေကြည်လမ်းအတိုင်း မြို့ဝင်လမ်းဆုံ ရပ်တုအထိလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေဦးဆောင်၍ တိုင်းစစ်ဌာနချုပ်ရုံး စုရပ်မှ မြို့ဝင်လမ်းဆုံ ရပ်တုအထိလည်းကောင်း၊ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တပ်နယ်မိသားစုများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့ပေါ်အခြေခံပညာကျောင်းများနှင့် ပညာရေးကောလိပ်၊ နည်းပညာကောလိပ်ကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြသည်။**

ထို့နောက် တိုင်းမှူးသည် နံနက် ၉နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော ၂၀၀၆ ခုနှစ် ရေဝတီတိုင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆွေဝင်းနှင့် ရေဝတီတိုင်း ကာလသားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးကာကွယ်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်စိန်တို့က ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ကူးစက်ပုံတားဆီးကာကွယ်ရေး နည်းလမ်းများကို ဟောပြောကြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ရေဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပခဲ့သည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများပေးအပ်သည်။ **(သတင်းစဉ်)**





### အမှာစကားပြောကြား

**တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရေဝတီတိုင်း ၂၀၀၆ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

## ၉၁ လမ်း ဖြတ်လမ်း ဓမ္မာရုံလမ်းမိသားစု ပထမအကြိမ် စုပေါင်းဓမ္မသဘင်

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တောင်ရပ်ကွက် စာရိတ္တမြှင့်တင်ရေးဓမ္မာရုံ အမှူးထား၍ ၉၁ လမ်း ဖြတ်လမ်း ဓမ္မာရုံလမ်း မိသားစု ပထမအကြိမ် စုပေါင်းဓမ္မသဘင်ကို ညစဉ် ၇နာရီခွဲမှစ၍ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ဒေါက်တာ ကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ ဒီဇင်ဘာ ၁၂ရက်တွင် အရှင်အာစာရာလင်္ကာရ (ကိုးဘွဲ့ရ ဆရာတော်)နှင့် ဒီဇင်ဘာ၁၃ ရက်တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်၊ အင်းမဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၅ ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်-၈၀(က)နေ ဦးငွေးအောင်-ဒေါ်စန်းယုမေ(သမီး) မဇင်မို့၊ ဖြိုးမို့၊ ဝင့်မို့ မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ဦးပေါ်တရားအား ကျေးဇူးဆပ် တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၉

ရေဝတီတိုင်း ဖျာပုံမြို့ ပထမလမ်း ရွာမကျောင်းတိုက်အတွင်း၌ နှစ်စဉ်ကျင်းပအပ်သော ခုနစ်ရက် တရားစခန်းပွဲကို (နတ်တော်လပြည့်ကျော် ၁၃ရက်မှ ပြာသိုလဆန်း၅ရက်) ဒီဇင်ဘာ၁၇ရက်မှ ၂၃ရက်အထိ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးပေါ်တရားအား ကျေးဇူးဆပ်တရားပွဲကို ဒေါ်ကြင်နှင့် မိသားစုတို့က ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အရှင်သုမနာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဓမ္မမိတ်ဆွေများ စခန်းပွဲအတွင်း နေ့စဉ် နံနက်၊ ည ၇ နာရီတွင် တရားလာရောက်နာယူနိုင်ကြောင်းနှင့် ညတရားပွဲကို ရတနာသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## အင်းစိန် ဗဟိုအကျဉ်းထောင် ကိုယ်ဝန်ဆောင်ပြစ်ဒဏ်ကျ အမျိုးသမီးများ ထောင်အတွင်းဆေးရုံမှ ဆရာဝန်ကြီးများက စနစ်တကျမွေးဖွားပေး နို့မှုန့်၊ အနှီးပိတ်၊ မုန့်နှင့် လိုအပ်သောပစ္စည်းများထောက်ပံ့

ရန်ကုန် ဒီဇင်ဘာ ၉

ပြည်ထဲရေး ဝန်ကြီးဌာန အကျဉ်းဦးစီးဌာန အင်းစိန်ဗဟို အကျဉ်းထောင်အတွင်း ကိုယ်ဝန်ဆောင် ပြစ်ဒဏ်ကျ အမျိုးသမီးများ ထောင်အတွင်းဆေးရုံ၌ ကောင်းမွန်စွာ မွေးဖွားသည့် မိခင်များနှင့် ရင်သွေးငယ်များအတွက် နို့မှုန့်၊ အနှီးပိတ်၊ မုန့်နှင့် လိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ၆ရက် နံနက် ၉ နာရီက အင်းစိန် ဗဟိုအကျဉ်းထောင် အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။



### တက်ရောက်

အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဦးနှင့် အဖွဲ့ဝင်များ၊ အင်းစိန်ဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးသက်ရှည်နှင့် ဦးစီးအရာရှိများ၊ အမျိုးသမီးဆောင်တာဝန်ခံ ဆရာဝန် ဒေါက်တာဒေါ်မြတ်မြတ်ထွေး၊ အမျိုးသမီးဆောင်တာဝန်ခံ ဦးစီးအရာရှိ ဒေါ်သင်းသင်းအောင်နှင့် ပြစ်ဒဏ်ကျ အမျိုးသမီးများ တက်ရောက်ကြသည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက လစဉ်အကျဉ်းထောင်အတွင်း မွေးဖွားသူများအား လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နိုဝင်ဘာ၌ မွေးဖွားသည့် ကလေးမိခင် ၁၀ ဦးကို နို့မှုန့်၊ အနှီးပိတ်၊ မုန့်နှင့် လိုအပ်သော ပစ္စည်းများကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်သည်။ **(အောက်ဝဲပုံ)**

### ကူညီစောင့်ရှောက်ပေး

အင်းစိန်ဗဟို အကျဉ်းထောင်အတွင်း ကိုယ်ဝန်ဆောင်ပြစ်ဒဏ်ကျ အမျိုးသမီး ၄၈ဦးကို ထောင်အတွင်းဆေးရုံမှ ဆရာဝန်ကြီးများက စနစ်တကျ မွေးဖွားပေးရာ ကလေးရော မိခင်ပါ ကျန်းမာလျက်ရှိပြီး အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျမိခင်နှင့်အတူ ကလေးငယ် ၁၀၄ ဦး ရှိရာ အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ နေ့စဉ်ဆန်ပြုတ် တိုက်ကျွေးခြင်း၊ စာသင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကိုယ်ဝန်ဆောင် ပြစ်ဒဏ်ကျ အချုပ်သူ ၃၀တို့ကိုလည်း ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုးဘွဲ့ရဆရာတော် ဒီဇင်ဘာဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၉**

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အာစာရာလင်္ကာရ အရှင်မြတ်သည် ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၃လမ်း သပြေ ကုန်းရပ်ကွက် ဓမ္မာရုံကလေး တရားပွဲ၊ ည ၈နာရီတွင် သာကေတမြို့နယ် အနော်မာ ၇လမ်းထိပ် သာသနရက္ခိတ ဓမ္မာရုံ၊ ၁၁ရက်တွင် တာမွေ ကျောက်မြောင်း သီတာလမ်း စိန္တာမယဓမ္မာရုံ၊ ၁၂ရက်တွင် မင်္ဂလာတောင်ညွန့် ၉၁လမ်း ဖြတ်လမ်းဓမ္မာရုံလမ်း၊ ၁၃ ရက်တွင် တာမွေ ကျောက်မြောင်း သီတာလမ်း စိန္တာမယဓမ္မာရုံညကြီးပွဲ နှင့် ညနေ ၆နာရီ ရန်ကင်း ၅ရပ်ကွက် ဓမ္မာရုံဆည်းဆာပွဲ၊ ၁၄ရက်တွင် ရန်ကင်း ၅ရပ်ကွက်ဓမ္မာရုံ၊ ၁၅ရက်တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် အဘိဓေပူဇော်ပွဲ၊ ၁၆ရက် ညနေ ၆နာရီတွင် စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် ကိုးနဝင်းစေတီဘုရားပွဲ ဆည်းဆာ၊ ည ၈နာရီတွင် ဒေါပုံမြို့နယ် ကျီစုရပ်ကွက် ထေရဝါဒအထူးပွဲ၊ ၁၇ရက်နှင့် ၁၈ရက် တွင် မင်းလှမြို့ ဦးအေးသောင်- ဒေါ်တင်လှ ထေရဝါဒတရားပွဲ၊ ၁၉ရက်တွင် ပုဇွန်တောင်မြို့နယ် ၃ရပ်ကွက် သီတာဆိပ် လူငယ်အထူးပွဲ၊ ၂၀ရက်တွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း ဓမ္မာရုံတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉၂၁- ၃၀၈၉၅နှင့် ၀၁-၇၀၈၄၀၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**အထက(၁)ဒဂုံပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၉ရက်က ဒဂုံသီရိခန်းမ၌ကျင်းပရာ မိဘဆရာ အသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့က တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယအဆင့်ရသူ မမြသီတာဝင်းအားဂုဏ်ပြုချီးမြှင့်စဉ်။** (က-ပ)

## မန်ယူက မန်စီးတီးကို အိမ်ကွင်း၌နိုင် ဒုတိယနေရာမှချယ်လ်ဆီးကို ကိုးမှတ်ဖြတ်ထား

### သတင်းမြင်ကွင်း-မြင့်စိုး

**လန်ဒန် ဒီဇင်ဘာ ၉**

ပရီမီယာလိဂ် ပွဲစဉ်(၁၇)ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ချက်စတာယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားတွင် ရမှတ် ကိုးမှတ်အသာဖြင့် ဦးဆောင်မှုရရှိစေခဲ့သည်။

**၁၄ ပွဲမြောက်နိုင်ပွဲ**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဖလားရရှိရေး မျှော်မှန်းချက်ဖြင့် ယခုနှစ်ဘောလုံးရာသီအစမှစ၍ အသေအချာယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲပြီးတစ်ပွဲ နိုင်ပွဲများ ဆက်နိုင်ခဲ့သည်။ ယခုအနိုင်ပွဲသည် မန်ယူ၏ ၁၄ပွဲမြောက် အနိုင်ပွဲဖြစ်သည်။

**ဖွင့်ဆော်ဦးဂိုး**

မန်ယူတို့ အိမ်ကွင်းအားသာချက်ကို အသေအချာသုံး၍ မန်စီးတီးကို အနိုင်ကစားပြီး ရမှတ်သုံးမှတ် ထပ်ပေါင်းနိုင်ရန် စနစ်တကျ ပြင်ဆင်ထားပုံရသည်။ ပွဲစသည်နှင့် မန်ယူတို့ လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီးငါးမိနစ်အကြာမှာပင် စီရိုနယ်ဒိုဖြတ်ပို့သောဘောလုံးကို ရွန်နေ ပြေးဆွဲကန်သွင်းကာ မန်ယူတို့ ဖွင့်ဆော်ဦးဂိုးစတင်ရရှိခဲ့သည်။

ယင်းဂိုးဖြင့် မန်ယူက မန်စီးတီးကို ထိန်းချုပ်ကစားခဲ့ရာ ပထမပိုင်းပွဲပြီးရန် နောက်ဆုံးမိနစ်တွင် ဆာဟာက ဂါဘရီရယ်ဟိန့်ဇ်ဖြတ်ပို့သော ဘောလုံးမှ တစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

**ချေပဂိုး**

သို့သော်လည်း ဒုတိယပိုင်းတွင် မန်စီးတီးတို့ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၇၃မိနစ်တွင် ထရာဘယ်စီက မန်စီးတီးအသင်း အတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

မန်ယူအတွက် တတိယမြောက်ဂိုးကို စီရိုနယ်ဒိုက ပွဲချိန် ၈၄မိနစ်တွင် သွင်းယူပေးခဲ့သည်။ ယင်းနောက်တွင် မန်စီးတီးကစားသမား ကော်ရာဒီ ကြမ်းတမ်းစွာကစားခဲ့၍ ဒုတိယပိုင်း ပွဲပြီးခါနီးတွင် နှစ်ဝါတစ်နီဖြင့် ထွက်သွားရသည်။

မန်စီးတီးတိုက်စစ်မှူး ဆာမာရက်သည် မန်ယူဂိုးစည်းပေါ်တွင် ရစ်ချက်ခေါင်းတိုက်ချပေးခဲ့သည့် ဘောလုံးမှ မန်ယူဂိုးသမား ဗန်ဒါဆာကိုလှည့်၍ မကန်သွင်းနိုင်သဖြင့်လည်း ချေပဂိုးတစ်ဂိုး မန်စီးတီးတို့ လွဲခဲ့ရသည်။ မန်စီးတီးတို့ ဒုတိယပိုင်းတွင် ချေပဂိုးများသွင်းနိုင်ရေး အပြင်းအထန်ကြိုးစားသော်လည်း ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

**ဦးဆောင်နေ**

မန်ချက်စတာယူနိုက်တက် အသင်းသည် ၁၇ပွဲ ကစား ၁၄ပွဲနိုင်၊ နှစ်ပွဲ သရေ၊ တစ်ပွဲရှုံးပြီး ရမှတ် ၄၄မှတ်ဖြင့် ပရီမီယာလိဂ် အမှတ်ပေး ဇယားထိပ်ဆုံး၌ ဦးဆောင်ကာ ဒုတိယနေရာရှိ ချယ်လ်ဆီးထက် ကိုးမှတ်အသာရပြီး ဦးဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ၁၅ပွဲ ကစား ၁၁ပွဲနိုင်၊ နှစ်ပွဲ သရေ၊ နှစ်ပွဲရှုံးထားပြီး ရမှတ် ၃၅မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**

## သတ်မှတ် ဝန်လေးယာဉ်ကြီးများ အလေးချိန်ခံနိုင်ရေး စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၈ရက် နံနက်ပိုင်းက နေပြည်တော်မှ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မိုင်တိုင်(၈၅/၄)၌ စစ်တောင်း တံတားဘက်သို့ဖြတ်၍ ပဲခူးခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် ၂၁မိုင် ၂ဖာလုံရှည် ဒိုက်ဦး-စစ်တောင်း လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံ အင်ဂျင်နီယာများအား လမ်းမြေသား သိပ်သည်းမှုရအောင်ပြုလုပ်၍ လမ်းပုံပေါ်အောင် ဆောင်ရွက်ပြီးမှ ဂဝံကျောက်ခင်းရန်၊ ရေကျော်တတ်သည့်နေရာများ၌ လမ်းတာမြှင့်ရန်တို့ကို မှာကြားသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ဝန်ကြီးသည်စစ်တောင်း တံတား(မုပ္ပလင်) တည်ဆောက်ရေး လုပ်ငန်း ဝေါဘက်ကမ်း ချဉ်းကပ်လမ်း လုပ်ငန်း၌ ဒုတိယအခြေခံလွှာ ဂဝံကျောက်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးခရိုင် အင်ဂျင်နီယာမှူး ဦးသန်းနိုင်အောင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ထားသော ဝန်လေးယာဉ်ကြီးများ အလေးချိန်ခံနိုင်သည့် ဒီဇိုင်းပုံစံ စံချိန်စံညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်မှာကြား၍ တံတားကြီးပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး မုပ္ပလင်ဘက်ကမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ဝန်ကြီးအား ရှင်းလင်းဆောင်၌ စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးစီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ အချောသတ်လုပ်ငန်းများ၊ ချဉ်းကပ်တံတား၊ ချဉ်းကပ်လမ်းပေါ်၌ ကတ္တရာ လုပ်ငန်းများ ဆောင်ရွက်ဆဲအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ပံ့ပိုးဖြည့်ဆည်းပေး**

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကိုမှာကြား၍ လုပ်ငန်း လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

စစ်တောင်းတံတား (မုပ္ပလင်)မှာ သံမဏိ သံပေါင်တံတားဖြစ်ပြီး ပင်မတံတားအရှည် ၁၃၆၅ပေ၊ ချဉ်းကပ်တံတားအရှည် ၁၀၂၇ ပေ ၈ လက်မ နှင့် စုစုပေါင်း တံတားအရှည် ၂၃၉၂ ပေ ၈ လက်မ ရှိ၍ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင်ခြောက်ပေ စီပါရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

စီးပွားရေး တက္ကသိုလ် စတင်တည်ထောင်သောနေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို စီးပွားရေးတက္ကသိုလ် ဘွဲ့ရအသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် စီးပွားရေးတက္ကသိုလ် (ပင်မ) အခန်း(၁၀)၌ အစဉ်အလာအတိုင်း ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားသည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်ကြရန် နှိုးဆော်ထားပြီး အလှူငွေများကို ဦးစိုးတင့်အောင် ဥက္ကဋ္ဌ ဖုန်း-၅၃၄၄၁၂၊ ဦးသင်းမောင် ဒုတိယ ဥက္ကဋ္ဌ ဖုန်း-၆၅၂၀၆၅၊ ဦးခိုင်ဝင်း ဖုန်း-၃၈၃၈၃၅၊ ၃၈၈၈၄၇၊ ဒေါ်နန့်မေစန်း ဖုန်း-၃၇၇၂၉၀၊ ၂၁၄၀၂၅နှင့် ဦးလှငြိမ်း အတွင်းရေးမှူး ဖုန်း-၅၈၁၃၀၃၊ ၅၃၄၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘွဲ့ရကျောင်းသားကျောင်းသူများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၆ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကမာရွတ် မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ကျင်းပရေး ကော်မတီက ဖိတ်ကြား ထားသည်။

အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးမြင့် ဖုန်း-၀၉၅၀-၁၇၁၄၃၊ ဦးညိုထွေး ဖုန်း-၂၂၂၃၃၉၊ ဦးထင်လင်း ဖုန်း-၅၃၈၅၆၇၊ ဦးမျိုးလွင် ဖုန်း-၀၉၈၀-၂၂ ၉၈၉၆နှင့် ဦးဉာဏ်လွင် ဖုန်း-၀၉၉၀- ၆၁၅၅၄ တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန တောင်ပိုင်းခရိုင် ခရိုင်မှူးဦးမောင်မောင်အေး ဦးဆောင်မှုဖြင့် သာကေတနှင့် ဒေါပုံမြို့နယ်များရှိ ဈေးများအားလုံး၏ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ၃ရက်က သာကေတမြို့နယ် စံပြဥယျာဉ်ဈေးတွင်ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး၊ ဈေးတာဝန်ခံ ဦးကျော်သန်းနှင့် ဈေးသာယာရေးအဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြစဉ်။** (၁၀၂)

## အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသော အကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြမည်

ရန်ကုန် ဒီဇင်ဘာ ၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းတို့ကိုသတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။** (သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွက်**
**(၁၀-၁၂-၂၀၀၆) ရက်နေ့နှင့်**
**(၃၁-၁၂-၂၀၀၆) ရက်နေ့**

**မန်ယူအတွက် အဖွင့်ဂိုးသွင်းပြီး တိုက်စစ်မှူးရွန်နေ ဤသို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)




**အခြားပွဲရလဒ်များ**

| | | | | |
|---|---|---|---|---|
| ဘလက်ဘန်း | ၁ | - | ၃ | နယူးကာဆယ် |
| လီဗာပူး | ၄ | - | ၀ | ဖူလ်ဟမ် |
| မစ်ဒယ်ဘရော့ | ၁ | - | ၁ | ဝီဂန် |
| တော့တင်ဟမ် | ၅ | - | ၁ | ချာလ်တန် |
| ပို့စ်မောက် | ၂ | - | ၀ | အဲဗာတန် |
| ဝက်ဖို့ဒ် | ၀ | - | ၀ | ရက်ဒင်း။ |

# ကမ္ဘာ့တစ်လွှား အားကစား

## (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ မြင်ကွင်း

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဒိုဟာ ဒီဇင်ဘာ ၉

**(၁၅)ကြိမ်မြောက်ဒိုဟာအားကစားပြိုင်ပွဲများကို ကာတာနိုင်ငံဒိုဟာမြို့၌ ဒီဇင်ဘာ ၈ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တရုတ်၊ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်သည့် စံချိန်ကိုဆက်ထိန်းထားသည်။**

### တိုက်ကွမ်ဒို

အမျိုးသား တိုက်ကွမ်ဒို ၇၂ကီလိုတန်းတွင် တောင်ကိုရီးယားမှ လီယောင်ရိုးလ်က ရွှေတံဆိပ်၊ တရုတ်မှ ဝမ်ဟော်က ငွေတံဆိပ်ဆွတ်ခူးပြီး အီရန်မှ




**အမျိုးသား တိုက်ကွမ်ဒို ၅၄ကီလိုတန်းတွင်ထိုင်းမှ ဗာရာဗတ် ဆွန်ဆွမ်**(ဝဲ) **အား ဂျော်ဒန်မှ မိုဟာမက်အယ်ဘတ်ဟာစ်က ဤသို့ လေတွင် ပျံဝဲလျက် ခုန်ကန်ခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

ဘွန်ကိုဟယ်က ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားတိုက်ကွမ်ဒို ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ဂျော်ဒန်မှ မိုဟာမက်အယ်ဘတ်ဟာစ်က ရွှေ၊ထိုင်းမှ ဗာရာဗတ်ဆွန်ဆွမ်က ငွေတံဆိပ်ဆွတ်ခူးပြီး ဘာရိန်းမှ အယ်လ်မူတာဝါက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသမီးတိုက်ကွမ်ဒို ၆၃ကီလိုတန်း တွင်တရုတ်(တိုင်ပေ)မှ စုလီဝမ်က ရွှေ၊ ထိုင်းမှ ချန်နာပတ်က ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးတိုက်ကွမ်ဒို ၄၇ကီလိုတန်းတွင် တရုတ်မှ ဝုကျင်းယုက ရွှေ၊ တရုတ်(တိုင်ပေ)မှ ရန်စုချန်က ငွေရပြီး ဖိလစ်ပိုင်မှ အလိုရာက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### ကာယဗလ

အမျိုးသား ကာယဗလပြိုင်ပွဲ၆ဝကီလိုတန်းတွင် တရုတ်နိုင်ငံမှ ကာယဗလမောင် ကျိယန်ချိချန်က ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး ဗီယက်နမ် ဖန်ဗန်မတ်က ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**အောင်ပွဲ**



**အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးသွားသော တရုတ်နိုင်ငံမှ ကျန်ဝမ်ရှု ဆုယူအပြီး ဤသို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

ကြေးတံဆိပ်ကို စင်ကာပူနိုင်ငံမှအီဘရာဟင်က ဆွတ်ခူးနိုင်ခဲ့သည်။

### သံလုံးပစ်

အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ကျန်ဝမ်ရှုက ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

### မီတာ ၈၀၀ ပြေးပွဲ

အမျိုးသမီးမီတာ ၈၀၀ပြေးပွဲတွင် အီရန်မှ အီဘရာဟီမိုင်မိုဂျာဘဲရီးက ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသမီးမီတာ ၁၀၀ ပြေးပွဲတွင် ကူဝိတ်မှ အလာအယ်ဆက်ဖာက ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### အမြင့်ခုန်

အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲ တွင် ကာဇက်စတန်နိုင်ငံမှ ရွှေ၊ ထိုင်းမှ ငွေရပြီး ဂျပန်နိုင်ငံက ကြေးဆွတ်ခူးခဲ့သည်။

### သေနတ်ပစ်

မြောက်ကိုရီးယားမှ ကင်အမ်ယွန်ဟွာသည် အမျိုးသမီးသေနတ်ပစ်ပြိုင်ပွဲတွင် သေနတ်ပစ်ခြင်းဖြင့် ယင်းနိုင်ငံအတွက် ရွှေတံဆိပ် ဆုဆွတ်ခူးပေးနိုင်ခဲ့သည်။ အသက် ၃၉ နှစ်ရှိ ကင်သည် ကလေးတစ်ယောက်၏မိခင်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် တရုတ်နိုင်ငံသူ ဝေနင်းက ငွေတံဆိပ်ရပြီး တရုတ်မှ လူသစ်တန်းကစားသမား ယူစီမင်းက တတိယ ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### ရေကူး

အမျိုးသား ပက်လက်ရေကူး မီတာ ၅၀ ပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ ဂျွန်ယာကိုဂါသည် စံချိန် ၂၀ဒသမ၄၀ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ တရုတ် နိုင်ငံမှ အာရှစံချိန်ရှင် ကွမ်ပင်းက စံချိန် ၂၅ ဒသမ ၄၇ စက္ကန့်ဖြင့် ငွေတံဆိပ် ဆွတ်ခူးပြီး တောင်ကိုရီးယား မှ ဆန်မင်းက စံချိန် ၂၅ ဒသမ ၅၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### တင်းနစ်

အမျိုးသား တင်းနစ်အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တောင်ကိုရီးယားအသင်းက ဂျပန်အသင်းကို အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဒိုဟာ အာရှအားကစားပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ကစားလျက်ရှိရာ ဒီဇင်ဘာ ၈ရက်နေ့အထိ ဆုတံဆိပ်အများဆုံး ဆွတ်ခူးနိုင်ခဲ့သည့် ထိပ်ပိုင်း ၁၀နိုင်ငံ၏ စာရင်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။ ။



**အမျိုးသားကာယဗလ ၆၀ကီလိုတန်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသော တရုတ်နိုင်ငံမှ ကျိယန်ချိချန် ဤသို့ ကာယအလှကို ပြသခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၉၄ | ၅၂ | ၂၃ | ၁၆၉ |
| ၂။ | ဂျပန် | ၂၉ | ၃၆ | ၄၂ | ၁၀၇ |
| ၃။ | တောင်ကိုရီးယား | ၂၁ | ၂၇ | ၄၇ | ၉၅ |
| ၄။ | ကာဇက်စတန် | ၁၂ | ၉ | ၂၄ | ၄၅ |
| ၅။ | အိန္ဒိယ | ၆ | ၈ | ၁၀ | ၂၄ |
| ၆။ | မြောက်ကိုရီးယား | ၅ | ၇ | ၉ | ၂၁ |
| ၇။ | ထိုင်း | ၄ | ၉ | ၁၄ | ၂၇ |
| ၈။ | တရုတ် (တိုင်ပေ) | ၄ | ၂ | ၉ | ၁၅ |
| ၉။ | မလေးရှား | ၃ | ၆ | ၅ | ၁၄ |
| ၁၀။ | ဟောင်ကောင် | ၃ | ၆ | ၄ | ၁၃ |

**(အင်တာနက်)**

## ဘွန်ဒက်စ်လီဂါပြိုင်ပွဲ (၁၆) ဆက်လက်ယှဉ်ပြိုင်
## ဘေယာလေဗာကူဆင်တို့ နိုင်ပွဲရရှိ

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

ဘာလင် ဒီဇင်ဘာ ၉

**ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ်(၁၆)ကို ဒီဇင်ဘာ ၈ရက်က စတင်ကစားရာ ဘေယာလေဗာကူဆင်နှင့် ဟာသာဘာလင်တို့ပွဲတွင် ဘေယာလေဗာကူဆင်က နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

လေဗာကူဆင်သည် အိမ်ကွင်း၌ ကစားရပြီး ဧည့်သည်ဟာသာဘာလင်အပေါ် အချိန်အတော်များများ ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ဟာသာဘာလင် တိုက်စစ်မှူး မာကိုပင်တီလစ်က ပွဲချိန် ၂၂မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူသွားခဲ့သည်။



**လေဗာကူဆင်နှင့် ဟာသာဘာလင်တို့ပွဲတွင် ဟာသာဘာလင်မှ ပင်တာလစ်** (လယ်) **ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

### ချေပဂိုး

လေဗာကူဆင်တို့ ချေပဂိုးရရှိရေးအတွက် ကွင်းလယ်မှ ဘာဘစ်၊ ဖရီးရာ၊ ရိုလ်ဖစ်နှင့် ရှနီးလ်ဒါတို့က တိုက်စစ်မှူးများဖြစ်သော ဘာဘာရာဇ်နှင့် စတီဖန်ကီဘလင်းတို့နှင့်အတူ အုပ်စုဖွဲ့တိုက်စစ်ဆင်ကစားခဲ့မှုကြောင့် ပွဲချိန် ၃၃မိနစ်တွင် ပေါလ်ဖရီးရာက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

လေဗာကူဆင်တို့ ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၇၉မိနစ်တွင် လေဗာကူဆင်ကွင်းလယ်ကစားသမား ဘာဘစ်က တစ်ဂိုးသွင်းယူလိုက်သဖြင့် လေဗာကူဆင်တို့ နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဟာသာဘာလင်တို့ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ပွဲချိန်၈၈မိနစ်တွင် ဟာသာဘာလင် နောက်တန်းကစားသမား ဆိုဖီရန်ချာဟက် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့သည်သာ အဖတ်တင်ခဲ့ပြီး ချေပဂိုးမသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

လေဗာကူဆင်သည် ယခုပွဲအနိုင်ရရှိသဖြင့် ၁၆ပွဲကစား၊ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် တန်းစီဇယားအဆင့်ခြောက်နေရာတွင် ရှိနေပြီး ဟာသာဘာလင်မှာ အဆင့်ငါးနေရာ၌ ရပ်တည်နေသည်။ **(အင်တာနက်)**

## နိုဝင်ဘာလအကောင်းဆုံးဘောလုံးသမားဆု
## မန်ယူတိုက်စစ်မှူး စီရိုနယ်ဒိုရရှိ

လန်ဒန် ဒီဇင်ဘာ ၉

**မန်ချက်စတာယူနိုက်တက်တိုက်စစ်မှူး စီရိုနယ်ဒိုသည် ပရီမီယာလိဂ်ဘောလုံးပွဲ၏ နိုဝင်ဘာလအတွက် အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်ခံခဲ့ရသည်။**

အသက်၂၁နှစ်အရွယ် ပေါ်တူဂီကစားသမား စီရိုနယ်ဒို **(ယာပုံ)** သည် မန်ယူကလပ်အား ပရီမီယာလိဂ်တွင် တန်းစီဇယားထိပ်ဆုံးနေရာတွင် ခိုင်မာစွာ ရပ်တည်နိုင်အောင် အဓိကစွမ်းဆောင် ပေးခဲ့သူတစ်ဦး ဖြစ်သည်။



**မန်ယူတိုက်စစ်မှူး စီရိုနယ်ဒို။**

စီ ရို နယ် ဒို သည် မန်ယူအတွက် နိုဝင်ဘာလပွဲစဉ်များ၌ နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ထိုဂိုးများမှာ ပို့စ်မောက်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲတွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သောဂိုးနှင့် အဲဗာတန်နှင့်ပွဲတွင် အဝေးမှ ကန်သွင်းယူခဲ့သည့် ဂိုးပင်ဖြစ်သည်။

စီရိုနယ်ဒိုအနေဖြင့် ပရီမီယာလိဂ်တွင် လအလိုက် အကောင်းဆုံးဘောလုံးသမားဆုရရှိခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးပင် ဖြစ်သည်။

ထိုအတူ နိုဝင်ဘာလအတွက် အကောင်းဆုံးနည်းပြဆုကို ရက်ဒင်းအသင်းနည်းပြ စတီကော့ဗယ်က ရရှိခဲ့သည်။ **(အင်တာနက်)**

## နောက်ခံကစားသမား မိုရက်ဇ် ဖူလ်ဟမ်နှင့် စာချုပ်သက်တမ်းတိုး

လန်ဒန် ဒီဇင်ဘာ ၉

**ဂျာမန်ဘောလုံးအသင်း နောက်ခံကစားသမားနှင့် ဖူလ်ဟမ် နောက်ခံကစားသမား မိုရက်ဇ်ဗိုလ်ဇ်သည် ဖူလ်ဟမ်အသင်းတွင် ၂၀၀၉ခုနှစ်အထိ စာချုပ် သက်တမ်းတိုးမြှင့်လိုက်ပြီဖြစ်ရာ ဖူလ်ဟမ်အသင်းတွင် မိုရက်ဇ်ဆက်လက်ရှိနေတော့မည်ဖြစ်ကြောင်း ဖူလ်ဟမ်ကလပ်က ပြောကြားသည်။**

အသက်၂၃နှစ်အရွယ်ရှိ မိုရက်ဇ်သည် အာဆင်နယ်မှ ၂၀၀၄ခုနှစ်က ဖူလ်ဟမ်ကလပ်သို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုအခါ ဖူလ်ဟမ်နှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။

### ကစားခဲ့

မိုရက်ဇ်သည် ဖူလ်ဟမ်အသင်းအတွက် ယခုအချိန်အထိ ပွဲပေါင်း ၁၀၀နီးပါးမျှ ကစားပေးခဲ့ပြီး ပရီမီယာလိဂ်၌ ဖူလ်ဟမ်အတွက် တစ်ဂိုးသာ သွင်းပေးထားနိုင်သူဖြစ်သည်။ ၎င်းဂိုးမှာ ပြီးခဲ့သည့် ဇူလိုင်လက အက်စတွန်ဗီလာနှင့် ကစားခဲ့သော ပွဲစဉ်၌ သွင်းယူခဲ့ခြင်း ဖြစ်သည်။ သက်တမ်းတိုး စာချုပ်ချုပ်ပြီးနောက် ဖူလ်ဟမ်အသင်းအတွက် မိမိအကောင်းဆုံး ပေးဆပ်သွားမည်ဖြစ်ကြောင်း မိုရက်ဇ်က ပြောကြားသည်။ **(အင်တာနက်)**

**ဖူလ်ဟမ် နောက်ခံကစားသမား မိုရက်ဇ်။**





## စုပေါင်းမဟာဘုံကထိန်ပွဲတော် မြိတ်မြို့၌ကျင်းပ

မြိတ် နိုဝင်ဘာ ၁၂

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်တို့ကြီးမှူး၍ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက မြိတ်မြို့ မဟာသိဒ္ဓိဇယစေတီတော် အမရဝတီ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။**(အပေါ်ပုံ)

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒစရိယ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသ(စံကျောင်းဆရာတော်)ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြသည်။

### ကပ်လှူပူဇော်

ထို့နောက် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ခင်ဇော်ဦးက သာသနာ့ ဗိမာန်တော်၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရွှေကြာ သင်္ကန်းတော် ကပ်လှူပူဇော်သည်။

ဆက်လက်၍ ကထိန်ခံ ဘိုတောင်ကျောင်းနှင့် စန္ဒာရုံကျောင်းဆရာတော်တို့အား တိုင်းမှူးနှင့်ဇနီးတို့က ကထိန်လျာသင်္ကန်းများ ဆက်ကပ်၍ ကထိန်ခံ ဘိုတောင်ကျောင်း ဆရာတော်အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ သုဒဿနာဘိဝံသထံမှ ကထိန်အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(တိုင်း ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ် ထင်းရှူးသစ်တောကြိုးဝိုင်း ဆိုင်းဘုတ်တင်

**သံဖြူဇရပ် ဒီဇင်ဘာ ၃**

သံဖြူဇရပ်မြို့နယ် ကြိုးဝိုင်းကြိုးပြင်တောများရှိ ထင်းရှူးသစ်တောကြိုးဝိုင်းများအား နယ်နိမိတ်ပြင်ဆင် စစ်ဆေး၍ ထင်းရှူးသစ်တောကြိုးဝိုင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကော့လေးကျေးရွာနှင့် ထင်းယူးကျေးရွာရှိ ထင်းရှူးတောကြိုးဝိုင်းနယ်နိမိတ်တွင် ကျင်းပသည်။**(အောက်ပုံ)**

### တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းဦး၊ ခရိုင်မှူးဦးလှထွန်း၊ မြို့နယ်အတွင်းရေးမှူး ဦးစိုးလှအောင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးထွန်းအေးနှင့် သစ်တောဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကော့လေးနှင့် ထင်းယူးကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

### ဂေဟာစနစ်

သံဖြူဇရပ်မြို့နယ်၏ ထင်းရှူးတောကြိုးဝိုင်းဧရိယာ ၁၇၄၁ ဧကသည် လွန်ခဲ့သော ၈၆ နှစ်ကြာက သတ်မှတ်ခဲ့ခြင်း ဖြစ်သည့်အတွက် ယခုကဲ့သို့ စနစ်တကျ ပြန်လည်ဆောင်ရွက်ခြင်းဖြင့် သစ်တောဦးစီးဌာန၏ အဓိကသစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်း တာဝန်များအနက်မှ ကြိုးဝိုင်းများ ကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ပြီး သစ်တောများရေရှည်တည်တံ့ကာ ကြိုးဝိုင်းမြေအသုံးချမှုဂေဟာစနစ် ဖြစ်ပေါ်တိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





## အစဲ-မင်္ဂလွန်းလမ်း

**ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော အစဲ-မင်္ဂလွန်းလမ်း ကျေးလက်ဂဝံလမ်းခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖြူညွှန့်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးရှင်းလင်း

**မင်းဘူး နိုဝင်ဘာ ၁၅**

မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းနှင့်မင်းဘူးခရိုင်ဦးစီးအရာရှိ ဦးမြင့်ဆွေတို့သည် နိုဝင်ဘာ ၄ ရက်က စေတုတ္တရာမြို့နယ်ရုံးတွင် ဌာနလုပ်ငန်းများ မြန်ဆန်၊ မှန်ကန်၊ ထိရောက်သွက်လက်စွာဆောင်ရွက်ရေး ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ နှစ်အလိုက်သတ်မှတ်ထားသော အရေအတွက်အတိုင်း ခိုင်မာသော စာကြည့်တိုက်များအဖြစ် ရေရှည်တည်တံ့ရေးများကို ရှင်းလင်းမှာကြားပြီး ရုံးကို စစ်ဆေးခြင်းနှင့် ရုံးအတွက် ဝယ်ယူရန်လျာထားသည့် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးမြင့်ဆွေတို့သည် ကျေးရွာစာကြည့်တိုက်သို့သွားရောက်၍ စာကြည့်တိုက် ကော်မတီများနှင့်တွေ့ဆုံပြီး စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှင်းလင်းမှာကြားသည်။

**(ခရိုင် ပြန်/ဆက်)**

**ကျိုင်းတုံမြို့ လမ်းများတွင် ချိုင့်ခွက်များ မရှိစေရေးအတွက် နိုဝင်ဘာ ၁၂ ရက်က နောင်ခမ်းလမ်းတစ်လျှောက် လမ်းပေါက် ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## အုတ်တွင်းမြို့ အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

အုတ်တွင်းမြို့ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ နယ်အဝေးရောက် ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန်နှင့်အလှူငွေနှင့်ပစ္စည်းများကို ဦးတင်ထွန်း ဖုန်း- ၀၁-၃၉၄၆၄၃၊ ဦးအောင်မြတ်ထွဋ် ဖုန်း-၀၉-၉၉-၇၄၁၃၉၊ ၀၁-၃၈၂၄၄ လိုင်းခွဲ (၁၀၄)၊ ဒေါ်စမ်းမြင့် ဖုန်း-၀၅၄-၂၅၄၀၀ (လိုင်းခွဲ) (၇၂)နှင့် ဒေါ်သောင်းသောင်းဝင်း ဖုန်း-၀၅၄- ၂၄၉၀၀ လိုင်းခွဲ(၇၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ချင်းနှင့် မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူးဦးအောင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ ရွှေရတနာဈေးသူ ဈေးသားများ စုပေါင်း၍ နိုဝင်ဘာ ၁၂ ရက်က မီးဘေးကြိုတင်ကာကွယ်မှု ဇာတ်တိုက်လေ့ကျင့်စဉ်။** (မြို့နယ်စည်ပင်)

## သွေးဆေးကန် အရှင်နန္ဒာစရိယ တရားစခန်းပွဲ

**မြောင်းမြ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မွေတော်ကျေးရွာ မွေတော်ကျောင်းတိုက်ကြီးအတွင်း၌ တတိယအကြိမ် ကျင်းပမည့် ခုနစ်ရက် တရားစခန်းပွဲကို တပို့တွဲလဆန်း ၉ ရက်မှ လပြည့်ကျော် ၁ ရက် (၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၂ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မိုင်လိုနှင့် မုန့်အာဟာရ စုပေါင်းတိုက်ကျွေး

**ချောက် ဒီဇင်ဘာ ၈**

ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် အလှူရှင် ရန်အောင်စတိုးမိသားစုတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၇ ရက်က ချောက်မြို့ပေါ်ရှိ ရေနံဆေးရုံနှင့် ပြည်သူ့ဆေးရုံမှ လူနာများ၊ ဆေးရုံဝန်ထမ်းများ၊ နေ့ကလေးထိန်းကျောင်းမှ ကလေးသူငယ်များ၊ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၁၀ ကျောင်းမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၇၄ ဦးတို့အား မိုင်လိုနှင့် မုန့်အာဟာရများ စုပေါင်းတိုက်ကျွေးရာ ကျောင်းအုပ်ဆရာကြီးများက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

## မြို့နယ် သတင်းများ



**၂၀၀၆ ခုနှစ် ဒီဇင်ဘာ အား ကစားလ လူထုလှုပ်ရှားမှု အဖြစ် စုပေါင်း လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပရာဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှ ကမ်းနားလမ်း၊ ဆေးရုံလမ်း၊ မင်းလမ်းတစ်လျှောက် အသွားအပြန်အဖြစ် မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ လမ်းလျှောက်ကြစဉ်။** (၂၆၅)

# ဒီဇင်ဘာ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

# တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး ပြည်သူများနှင့်အတူ ပါဝင်လမ်းလျှောက်

ဒီဇင်ဘာ ၉ရက်က ၂၀၀၆ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် လူထုအားကစား လှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်၌ ကျင်းပရာ ဝန်ထမ်းများ၊ ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ (သတင်း-ဇ) (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၀၆ခုနှစ် ဒီဇင်ဘာလ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅နာရီခွဲတွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမရှေ့ စုရပ်၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ဇနီး တက်ရောက်ပြီး ပြည်သူလူထုနှင့်အတူ တပျော်တပါး စုပေါင်းပါဝင် လမ်းလျှောက်သည်။

**တပျော်တပါး**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိနှင့် မိသားစုဝင်များ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု အင်အား ၁၄၅၀၀ ပါဝင်ပြီး ကန်တော်မင်္ဂလာခန်းမရှေ့မှ ပျဉ်းမနား-တောင်ညိုကားလမ်းအတိုင်း စက်မှုလယ်ယာဦးစီးဌာနအထိ အသွား၊ အပြန် တပျော်တပါး လမ်းလျှောက်ကြသည်။

အလားတူ တပ်ကုန်း၊ လယ်ဝေးမြို့နယ်များ၌လည်း စုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပွဲများ တပျော်တပါး ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



## မိုးလေဝသအခြေအနေ

၁၀-၁၂-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

## စုပေါင်းလမ်းလျှောက်ပွဲ

**ရန်ကုန်တိုင်း ၂၀၀၆ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်ဝင်း တက်ရောက်ပါဝင်ဆင်နွှဲစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်း ၂၀၀၆ ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲပျော်ရွှင်စွာဆင်နွှဲ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်း ၂၀၀၆ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ကျိုက္ကဆံကွင်းစုရပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း တက်ရောက်ပါဝင်ဆင်နွှဲသည်။

**စုပေါင်းလမ်းလျှောက်**

ရှေ့ဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်းသည် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားနှင့် ကာယ



ပညာသိပ္ပံမှ သင်တန်းသား သင်တန်းသူများ၊ ရန်ကင်း ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထု အင်အား ၁၄၅၀၀ ကျော်တို့သည် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းဆုံမှတစ်ဆင့် အနောက်မြင်းပြိုင်ကွင်းလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများသည် ကျိုက္ကဆံကွင်းအတွင်း၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများနှင့် အားကစားပြိုင်ပွဲများ ပြုလုပ်ကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

**ပါဝင်ဆင်နွှဲ**

အလားတူ ၂၀၀၆ခုနှစ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် ကျင်းပကြရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းစုရပ်၌ ပြည်သူလူထုအင်အား ၁၄၅၀၀ကျော်၊ အောင်ဆန်းကွင်းစုရပ်၌ အင်အား ၁၁၀၀၀ကျော်၊ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) စုရပ်၌ အင်အား ၁၀၀၀၀ကျော် ပါဝင်ဆင်နွှဲကြပြီး လမ်းလျှောက်ပွဲအပြီး၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ အားကစားပြိုင်ပွဲများ ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**